# မြန်မာနိုင်ငံ[၁]

*၂၀၀၁ခုနှစ်မေလမှစ၍ အဓိကဖြစ်ထွန်းမှုများ–* မြန်မာစစ်တပ်သည် တိုင်းပြည်အတွင်းနှင့် ထိုင်းနိုင်ငံနယ်စပ်ဒေသများတွင် မိုင်းဗုံးများ ဆက်လက်ချထားနေဆဲဖြစ်သည်။ တိုင်းပြည်အား ကာရံထားရန်ဟူသောအစီအမံအောက်တွင် ထိုင်း–မြန်မာနယ်စပ်တလျှောက်လုံး၌ မိုင်းဗုံးများထောင်ထားရန် ကမ်းရိုတန်းတိုင်းစစ်ဌာနချုပ်က တနင်္သာရီတိုင်းအတွင်းရှိ ၎င်း၏ လက်အောက်ခံတပ်များကို အမိန့်များပေးခဲ့သည်။ ယခင်က မိုင်းဗုံး အသုံးပြုသော အဖွဲ့ဟု သတ်မှတ်ခြင်းမခံရသော သူပုန်အဖွဲ့များဖြစ်သည့် ပအိုဝ်းပြည်သူ့လွတ် မြောက်ရေးတပ်ဦး၊ မြန်မာနိုင်ငံလုံးဆိုင်ရာမူဆလင်များသမဂ္ဂနှင့် ဝအမျိုးသားတပ်မတော် တို့သည် မိုင်းများအသုံးပြုလာသည်။ ယခုအခါ သူပုန်အဖွဲ့ တဆယ့်သုံးဖွဲ့ မိုင်းများအသုံး ပြုလျက်ရှိသည်။

## မိုင်းဗုံးတားဆီးရေးပေါ်လစီ

မြန်မာနိုင်ငံစစ်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နယက) သည် မိုင်းဗုံးတားဆီးရေး သဘောတူစာချုပ်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းမရှိသေးပါ။ မိုင်းဗုံးတားဆီးရေးကို ဖေါ်ပြထားသည့် ၂၀၀၁ခုနှစ် နိုဝင်ဘာလ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် 56/24 M ကို မဲခွဲရာတွင် မြန်မာနိုင်ငံက မဲမပေးပဲနေခဲ့သည်။ မြေမြှုပ်မိုင်းတားဆီးရေးသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ပတ်လည်အစည်းအဝေးများနှင့် ကြားကာလကျင်းပသော အမြဲတမ်းကော်မတီအစည်းအဝေးများသို့ နယက ကိုယ်စားလှယ်များ တက်ရောက်ခြင်းမရှိခဲ့ပေ။ ၂၀၀၁ခုနှစ် ဩဂုတ်လက မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော သိုလှောင်ထားသည့်မိုင်းနှင့် အခြားလက်နက်များ ဖျက်ဆီးပစ်ရေးဆိုင်ရာ ညီလာခံ

---

[၁] လက်ရှိအစိုးရအာဏာကိုထိမ်းချုပ်ထားသော စစ်အစိုးရသည် နိုင်ငံ၏အမည်ကို Burma မှ Myanmar မြန်မာအဖြစ်သို့ပြောင်းလဲခဲ့သည်။ တိုင်းပြည်အတွင်းရှိ တိုင်းရင်းသားအဖွဲ့အစည်းများက Burma ဟူသောအမည်ကို ဆက်လက်အသုံးပြုနေကြသေးသည်။ ဤအစီရင်ခံစာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒနှင့်အကောင်အထည်ဖေါ်မှုများအပိုင်းကို ရည်ညွှန်းရန် လိုအပ်သောအခါများတွင် Myanmar ဟူသောအမည်ကိုသုံး၍ အခြားကိစ္စများ အတွက် Burma ဟူသောအမည်ကို အသုံးပြုသွားမည်။

ကို မြန်မာနိုင်ငံက တက်ရောက်ခြင်းမရှိခဲ့ပေ။ ၂၀၀၂ခုနှစ် ဇန်နဝါရီလက မလေးရှားနိုင်ငံတွင်ကျင်းပသော အာစီယံဒေသအတွင်း မြေမြှုပ်မိုင်းအသုံးပြုမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည့် အလွတ်သဘောဆွေးနွေး ပွဲတက်ရောက်ရန် မလေးရှားနိုင်ငံဖိတ်ကြားချက်ကို မြန်မာနိုင်ငံက အကြောင်းပြန်ပြန်ကြားခြင်းမပြုခဲ့ပေ။ ထိုအစည်းအဝေးသို့ မြေမြှုပ်မိုင်း သဘောတူစာချုပ်အဖွဲ့ဝင်မဟုတ်သည့် ဗီယက်နမ်ကဲ့သို့သော အခြားအာစီယံနိုင်ငံများတက်ရောက်ခဲ့ကြသည်။ ၂၀၀၂ခုနှစ် မေလ ၁၃–၁၅ ရက်များတွင် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည် "အရှေ့တောင်အာရှ ဒေသအတွင်းမှ မြေမြှုပ်မိုင်းများ" ညီလာခံသို့ တက်ရောက်ရန် ငြင်းဆန်သော အာစီယံနှစ်နိုင်ငံအနက် တနိုင်ငံမှာ မြန်မာနိုင်ငံဖြစ်သည်။

သို့သော်အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့က မကထပြု၍ ထိုင်းနိုင်ငံတွင် ၂၀၀၁ခုနှစ် နိုဝင်ဘာလ ၆–၈ ရက်များတွင် ကျင်းပခဲ့သော မိုင်းတားဆီးရေးသဘောတူစာချုပ်ပါ ထိခိုက်နစ်နာသူများအကူအညီပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ လေ့လာသူနှစ်ဦးတက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် မိုင်းတားဆီးရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့လျှင် ထိရောက်သောကျန်းမာရေးကာကွယ်စောင့်ရှောက်မှုတရပ်ဖြစ်ပေလိမ့်မည်ဟု အစည်းအဝေးတက်ရောက်ခဲ့သော မြန်မာကျန်းမာရေးအရာရှိက ပြောကြားခဲ့သည်။[၂]

### *အစိုးရမဟုတ်သောအဖွဲ့အစည်းများ*

မြန်မာနိုင်ငံအတွက် သီးသန့်မြေမြှုပ်မိုင်းတားဆီးရေးနှင့် သုတေသနလုပ်ငန်း အစီအစဉ်တရပ်ကို အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ အရှေ့တောင်အာရှရုံးခွဲမှ ၂၀၀၀ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့သည်။ ထိုအစီအစဉ်တွင် အစိုးရဌာနများ၊ အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အစိုးရမဟုတ်သော မြန်မာနိုင်ငံမှလက်နက်ကိုင် အုပ်စု(NSA)တချို့ပါဝင်နိုင်အောင်ဖိတ်ခေါ်ခဲ့သည်။ ၁၉၉၉ခုနှစ်မှစ၍နှစ်စဉ် အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က မြေမြှုပ်မိုင်းအစီရင်ခံစာများကို မြန်မာဘာသာဖြင့်ထုတ်ဝေ၍ ပြည်တွင်းနှင့် မြေမြှုပ်မိုင်းပြဿနာအများဆုံးဖြစ်ပေါ်နေသော နယ်စပ်ဒေသများတွင် ဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် မိုင်းဗုံးများအသုံးပြုမှုလျှော့ချလာစေရေး ရည်ရွယ်ချက်ဖြင့် ပညာပေးရေးလုပ်ငန်းအတွက် လမ်းညွှန်စာတမ်းများပြုစုကာ မြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင်နှင့် နိုင်ငံရေးအဖွဲ့များထံ ဖြန့်ဝေပေးခဲ့သည်။

---

[၂] မြေမြှုပ်မိုင်းသုတေသနမှူးနှင့် အလွတ်သဘောဆွေးနွေးစဉ်အတွင်း အဆိုပါသဘောထားကို ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်။ အစည်းအဝေးတက်ရောက်ခဲ့သော လေ့လာသူများမှာ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတဦးဖြစ်သူ ဒေါက်တာတင်ဝင်းမောင်နှင့် မန္တလေးအခြေစိုက် ဆေးမှူးပညာသင်ကျောင်းမှ ညွှန်ကြားရေးမှူး ဒေါက်တာရဲလှိုင်တို့ဖြစ်ကြသည်။

## ထုတ်လုပ်မှု၊ လွှဲပြောင်းမှု၊ သိုလှောင်ထားမှု

မြန်မာနိုင်ငံအနေဖြင့် အနည်းဆုံး လူကိုထိခိုက်စေသောမိုင်း သုံးမျိုးထုတ်လုပ်လျက်ရှိသည်။[၃] MM2 အမျိုးအစားမိုင်းများကိုမူ ထောင်ထားပြီးမိနစ်သုံးဆယ်ကြာမှ ပေါက်ကွဲစေသည့် ဖေါက်ခွဲစနစ်ဖြင့် တွဲဖက်ကျင့်သုံးကြောင်းသိရသည်။[၄]

အစီရင်ခံစာကဖေါ်ပြသည့်ကာလအတွင်း မြန်မာနိုင်ငံမှ နိုင်ငံခြားတိုင်းပြည်များသို့ လူကိုထိခိုက်စေသောမိုင်းများ တင်ပို့ခဲ့ကြောင်းမကြားသိရပေ။ သိုလှောင်ထားရှိသော လူကိုထိခိုက်စေသောမိုင်းအမျိုးအစားနှင့် အရေအတွက် တို့နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မြန်မာအစိုးရက ထုတ်ပြန်ကြေညာလေ့မရှိပေ။ ယခင် မြေမြှုပ်မိုင်းအစီရင်ခံစာများတွင် ဖေါ်ပြထားသကဲ့သို့ မြန်မာနိုင်ငံသည် တရုတ်၊ အစ္စရေး၊ အီတလီ၊ ရုရှား၊ အမေရိကန်ပြည်ထောင်စုနှင့် အခြားတိုင်းပြည်များမှထုတ်လုပ်သော လူကိုထိခိုက်စေသည့်မိုင်းများကို ဝယ်ယူအသုံးပြုခဲ့သည်။[၅] ထို့အပြင် မြန်မာနိုင်ငံ၌ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုဆဲဖြစ်သော အခြားမိုင်းအမျိုးအစားတခုမှာ LTM 76 အမျိုးအစား လူကိုထိခိုက်စေသော မိုင်းဖြစ်သည်။ ထိုမိုင်းများမှာ အိန္ဒိယနိုင်ငံမှထုတ်လုပ်သော မိုင်းများဖြစ်ပြီး ဆယ်စုနှစ်နှင့်ချီ၍ကြာနေပြီဖြစ်ကြောင်း ကျွမ်းကျင်သူများက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အား ရှင်းပြသည်။[၆] ထိုသို့သောမိုင်းများ တင်ပို့ရောင်းချခဲ့ခြင်းနှင့်ပတ်သက်၍ အိန္ဒိယ

[၃] မြန်မာနိုင်ငံမြေမြှုပ်မိုင်းထုတ်လုပ်မှုအတွက် အသေးစိတ်သိရှိလိုပါက ၂၀၀၀ ခုနှစ်နှင့် ၂၀၀၁ ခုနှစ် မြေမြှုပ်မိုင်းအစီရင်ခံစာများတွင်ရှု။ ကလေမိုးအမျိုးအစားမိုင်းများကို လူနင်းမိလျှင် ပေါက်ကွဲစေတတ်သောနည်းစနစ်ဖြင့် တွဲဖက်ကျင့်သုံးသည်ဟုဆိုသည်။ ၂၀၀၁ ခုနှစ် မြေမြှုပ်မိုင်းအစီရင်ခံစာ၊ စာမျက်နှာ ၅၁၈–၅၁၉ တွင်ရှု။

[၄] မြန်မာနိုင်ငံလွတ်လပ်သောအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ နိုဝင်ဘာလ ၂၈ ရက်နေ့၊ ၂၀၀၁ခုနှစ်။

[၅] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၁ ခုနှစ် အစီရင်ခံစာ၊ စာမျက်နှာ ၅၁၉။

[၆] ကျွမ်းကျင်သူတဦးက LTM 76 အမျိုးအစားမိုင်းကို အိန္ဒိယနိုင်ငံက ထုတ်လုပ်သည်ဟုပြောခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၁)၊ အရောင်နှင့် အမှတ်အသားများမှာ ၁၉၇၅ ခုနှစ်မတိုင်မီက ဗြိတိသျှလုပ် လက်နက်ခဲယမ်းမီးကျောက်များနှင့်တူနေပြီး၊ ၎င်းတို့ကို အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတည်းကအသုံးပြုနေသည်။ ၂)၊ DI အမှတ်အသားများကို အိန္ဒိယလုပ်အခြား လက်နက်ခဲယမ်းမီးကျောက်များတွင်လည်း တွေ့ရသည်။ လက်နက်များမှာ အိန္ဒိယနိုင်ငံ ဒမ်ဒမ် လက်နက်တိုက်မှလာကြောင်း ဖေါ်ပြရာရောက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက ငြင်းဆိုထားသည်။ ထို့အပြင် ထိုမိုင်းများ အိန္ဒိယစစ်တပ် လက်နက်စာရင်းတွင် မတွေ့ရှိရကြောင်းပြောသည်။[၇]

## အသုံးပြုမှု

မြန်မာ့တပ်မတော်သည် တိုင်းပြည်တွင်းနှင့် ထိုင်းနိုင်ငံနယ်စပ်တလျှောက်တွင် မြေမြှုပ်မိုင်းများ ဆက်လက်ချထားနေဆဲဖြစ်သည်။ တိုင်းပြည်အား ကာရံထားရန်ဟူသော အစီအမံအောက်တွင် ထိုင်း–မြန်မာနယ်စပ်တလျှောက်လုံး၌ မိုင်းဗုံးများထောင်ထားရန် ကမ်းရိုးတမ်းတိုင်းစစ်ဌာနချုပ်က တနင်္သာရီတိုင်းရှိ ၎င်း၏လက်အောက်ခံတပ်များကို ၂၀၀၁ ခုနှစ် ဧပြီလတွင် အမိန့်ပေးခဲ့သည်။ ၂၀၀၁ခုနှစ် ဧပြီလ နောက်ဆုံးအပတ်မှစ၍ အောက်ပါတပ်များ မိုင်းထောင်ခဲ့ကြောင်း အစိုးရစစ်သားတဦးက ပြောပြသည်။ ခြေလျင်တပ်ရင်း ၂၇၃က ရေဖြူမြို့နယ်အရှေ့ဘက်ခြမ်း၊ ခြေလျင်တပ်ရင်း ၂၅ က ထားဝယ်မြို့နယ်၊ ခြေလျင်တပ်ရင်း ၂၈၅ က သရက်ချောင်းမြို့နယ်အရှေ့ဘက်ခြမ်း၊ ခြေလျင်တပ်ရင်း ၁၀၃ က ပုလောမြို့နယ်အရှေ့ဘက်ခြမ်း၊ ခြေလျင်တပ်ရင်း ၁၇ က တနင်္သာရီမြို့နယ်အရှေ့ဘက်ခြမ်း၊ ခြေလျင်တပ်ရင်း ၂၂၄က ဘုတ်ပြင်းမြို့နယ်အရှေ့ဘက်ခြမ်းနှင့် ခြေလျင်တပ်ရင်း ၂၂၈ က ကော့သောင်းမြို့နယ်အရှေ့ဘက်ခြမ်း တို့တွင်ဖြစ်သည်။[၈]

ကရင်ပြည်နယ် ဒူးပလာခရိုင်နှင့် ဖားအံခရိုင်များတွင်လည်း အစိုးရစစ်တပ်က မိုင်းများထောင်နေဆဲဖြစ်သည်။[၉] ကရင်အမျိုးသားတပ်မတော်(KNLA)အားတိုက်ခိုက်သည့် စစ်ဆင်ရေးကို ဒီမိုကရက်တစ်ဗုဒ္ဓဘာသာကရင်တပ်မတော်(DKBA)နှင့် ပူးတွဲစစ်ဆင်ရေးပြု

---

[၇] အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန် ရှဲ–ကန့်–ရှာမာ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး သုတေသနမှူးထံ ဖက်(စ)စာပို့စက်မှ ပေးပို့သောစာ၊ ၂၀၀၂ ခုနှစ် ဇန်နဝါရီလ (၂)ရက်နေ့။

[၈] နယကစစ်သားတဦးက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အား ၂၀၀၁ ခုနှစ် ဧပြီလတွင် လျှို့ဝှက်ပြောပြခဲ့သည်။ ထိုနယ်မြေများအားလုံးသည် မြန်မာနိုင်ငံတောင်ပိုင်းမှ နယ်စပ်မြို့နယ်များဖြစ်ပြီး ထိုင်းနိုင်ငံဘက်တွင် ရာချဘူရီ၊ ပက်ချဘူရီ၊ ပရာကျွတ်ကီရီခန်နှင့် ချွန်ဖွန်းခရိုင်များနှင့် ထိစပ်လျက်ရှိသည်။

[၉] နယကစစ်တပ်မှအင်ဂျင်နီယာတဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ခုနှစ် ဇူလိုင်လ။ ဘန်ကောက်ရှိ နိုင်ငံခြားသာသနာပြုအဖွဲ့ဝင်တဦးနှင့် တယ်လီဖုန်းတွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်။ ဘန်ကောက်တွင် ၂၀၀၁ခုနှစ် ဖေဖော်ဝါရီလကကျင်းပသော ပြည်တွင်း၌အိမ်ယာပျောက်နေသူများအား အကူအညီပေးရေးဆိုင်ရာ အစည်းအဝေးတွင် ကရင်လူ့အခွင့်အရေးအဖွဲ့က တင်ပြသော တင်ပြချက်။

လုပ်ရာတွင် မြန်မာ့တပ်မတော်က ကရင်ပြည်နယ်အတွင်း မိုင်းများထောင်ထားခဲ့သည်။[၁၀] ချင်းရိုင်ခရိုင်တဖက်ခြမ်း ရှမ်းပြည်တောင်ပိုင်းတွင် တပ်စွဲထားသော နယက တပ်များက လည်း သူတို့တပ်နယ်မြေပတ်လည်တွင် မိုင်းထောင်ထားကြောင်း သိရသည်။[၁၁]

မြန်မာအစိုးရလက်အောက်ခံ နယ်စပ်လုံခြုံရေးအဖွဲ့များဖြစ်သော နစခ များသည် ဘင်္ဂလားဒေ့ရှ်နယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းတွင် မိုင်းများထောင်ခဲ့ကြောင်း ယခင် မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ သော် ထိုလုပ်ရပ်များ လွန်ခဲ့သည့်နှစ်များအတွင်း ရပ်တန့်သွားကြောင်း ဘင်္ဂလားဒေ့ရှ် နယ်စပ်လုံခြုံရေးအရာရှိတဦးနှင့် မြန်မာသူပုန်တဦးကပြောသည်။ နှစ်နိုင်ငံနယ်စပ်လုံခြုံရေး အရာရှိများ၏အစည်းအဝေးများ ဆက်တိုက်ပြုလုပ်ပြီးနောက် မိုင်းထောင်ခြင်း အဆုံးသတ် သွားကြောင်း ဘင်္ဂလားဒေ့ရှ်နယ်စပ်လုံခြုံရေးအရာရှိတဦးကပြောသည်။[၁၂] မိုင်းဗုံးအသုံးပြု မှုကြောင့် နိုင်ငံတကာဝေဖန်ပြစ်တင်မှုများခံလာရခြင်း၊ မိုင်းထိခိုက်ဒဏ်ရာရသူများလာ ခြင်း၊ သူတို့ထောင်ထားသောမိုင်းများကို ရခိုင်သူပုန်များက ဖယ်ရှားနိုင်ခြင်းတို့ကြောင့် မြန်မာစစ်တပ်အနေဖြင့် မိုင်းအသုံးပြုမှုရပ်ဆိုင်းသွားကြောင်း ရခိုင်ပြည်နယ်အခြေစိုက် သူ ပုန်အဖွဲ့ခေါင်းဆောင်တဦးက ပြောသည်။ သို့သော် နယ်စပ်တလျှောက်လုံးမှာ မိုင်းများမရှိ ဟုတော့ မဆိုနိုင်ကြောင်း၊ သူတို့သွားလာရာလမ်းကြောင်းများတွင်သာ ကျွမ်းကျင်သူများ အကူအညီနှင့် မိုင်းများကိုဖယ်ရှားနိုင်ခြင်းဖြစ်ကြောင်း သူကဆက်ရှင်းပြသည်။[၁၃]

သို့သော် နစခ အဖွဲ့များ မိုင်းအသုံးပြုနေကြောင်း ၂၀၀၂ခုနှစ် မတ်လတွင် သတင်း စာ၌ အစီရင်ခံချက်များထွက်ပေါ်လာသည်။ နစခ အဖွဲ့များ မိုင်းများ ဆက်လက်ထောင်နေ သည်ကိုတွေ့ရကြောင်း ၂၀၀၂ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် အတိုက်အခံအဖွဲ့ခေါင်း ဆောင်တဦးက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ကို ပြောကြားခဲ့သည်။[၁၄]

---

[၁၀] DKBA သည် ကရင်အမျိုးသားအစည်းအရုံးမှ ခွဲထွက်လာသောအဖွဲ့ဖြစ်ပြီး ၁၉၉၅ ခုနှစ်က တည်းက မြန်မာ့တပ်မတော်၏ အကူအညီဖြင့် လှုပ်ရှားလျက်ရှိသည်။

[၁၁] ရှမ်းကယ်ဆယ်ရေး စေတနာ့ဝန်ထမ်းတဦးနှင့် အီးမေး ဆက်သွယ်ချက်၊ ၂၀၀၂ခုနှစ် ဧပြီလ ၄ ရက်၊ ထိုဝန်ထမ်းသည် မွန်ယွမ်းမှရောက်လာသော ရှမ်းဒုက္ခသည်တဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

[၁၂] ဘင်္ဂလားဒေ့ရှ်အခြေစိုက် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ နိုင်ကွန်ချာရီရှိ ဘင်္ဂလား ဒေ့ရှ် နယ်စပ်လုံခြုံရေးတပ်မှူး ဒုတိယဗိုလ်မှူးကြီး ရီဇာ–နော နှင့် တွေ့ဆုံမေးမြန်းခန်း။ ၂၀၀၂ ခု နှစ် ဇန်နဝါရီလ ၁၆ ရက်။

[၁၃] ဘင်္ဂလားဒေ့ရှ်အခြေစိုက် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က ရခိုင်ပြည်နယ်မှ NSA ခေါင်းဆောင်တဦးနှင့် ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်တွင် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၂ ခုနှစ် ဇန်နဝါ ရီလ ၁၈ ရက်။

[၁၄] NSA ခေါင်းဆောင်များနှင့် နယ်စပ်ကုန်သည်များအား ဘင်္ဂလားဒေ့ရှ်အခြေစိုက် မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့က တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၂ ခုနှစ် မတ်လ ၂၆–၂၇ ရက်နေ့။ အပ်

## အစိုးရမဟုတ်သောအဖွဲ့များ

မြန်မာနိုင်ငံတွင် လက်နက်ကိုင်နိုင်ငံရေးအဖွဲ့များစွာရှိသည်။ အတိုက်အခံအဖွဲ့ဟောင်းသို့မဟုတ် လက်ရှိအတိုက်အခံအဖွဲ့များအောက်တွင် လူဦးရေ ၃၈၇၀၀ လက်နက်ကိုင်ထားကြကြောင်း ခန့်မှန်းသည်။[၁၅] လူကိုထိခိုက်စေသော မိုင်းအသုံးပြုကြောင်း သူပုန်အဖွဲ့ ၁၃ ဖွဲ့က ဝန်ခံပြောကြားထားသည်။ တချို့က စစ်ဆင်ရေးတွင် မိုင်းအသုံးမပြုဟုဆိုသည်။ လားဟူအမျိုးသားအဖွဲ့က ၂၀၀၁ခုနှစ် နှစ်လယ်ပိုင်းတွင်း မိုင်းအသုံးမပြုရေးပေါ်လစီကို ထုတ်ပြန်ကြေညာ၍ လူကိုထိခိုက်စေသောမိုင်းများ အသုံးပြုခြင်း၊ စုဆောင်းခြင်း မပြုတော့ရန် ၎င်း၏တပ်ဖွဲ့များအား ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။[၁၆]

## ထုတ်လုပ်မှု၊ လွှဲပြောင်းပေးမှုနှင့် သိုလှောင်ထားရှိမှု–အစိုးရမဟုတ်သောအဖွဲ့များ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပေါက်ကွဲမှုအဟုန်ဖြင့်တိုက်ခိုက်သောမိုင်းနှင့် ပေါက်ကွဲစေတတ်သောအရာအဖြစ်သို့ပြောင်းလဲနိုင်သည့် ကရိယာတန်ဆာများ (IEDs)ထုတ်လုပ်နိုင်စွမ်းရှိကြသည်။ လက်လုပ်မိုင်းများထုတ်လုပ်ကြောင်းနှင့် မြန်မာ့တပ်မတော်မှ မိုင်းများရရှိကြောင်း DKBA စစ်သားဟောင်းများက အတည်ပြုပြောဆိုသည်။[၁၇]

မြဝတီအနီးတဝိုက် DKBA ထိန်းချုပ်နယ်မြေများတွင် သစ်လုပ်ငန်းလုပ်ကိုင်နေသော ထိုင်းစီးပွါးရေးလုပ်ငန်းရှင်များထံကလည်း မိုင်းများနှင့်မိုင်းထုတ်လုပ်သော ကရိယာများ

---

ဒူ–ကူဒ့်(စ)–ရာနာ ရေးသားသော နစက များ "မြန်မာနယ်စပ်၌မိုင်းများထောင်" အမည်ရှိ ဆောင်းပါး၊ *Prothom Aloo (The First Light)* သတင်းစာ၊ ၂၀၀၂ ခုနှစ် မတ်လ ၂၅ ရက်၊ စာမျက်နှာ ၅။ ဘန်ဒါဘန် သတင်းထောက်ရေးသားသော "နစက များ ဘန်ဒါဘန် နယ်စပ်၌ မြေမြှုပ်မိုင်းများ ထောင်" အမည်ရှိဆောင်းပါး၊ *Ittefaque (Way of Events)* စာစောင်၊ ၂၀၀၂ ခုနှစ် မတ်လ ၂၄ ရက်၊ စာမျက်နှာ ၁။

[၁၅] အပြည်ပြည်ဆိုင်ရာမဟာဗျူဟာလေ့လာရေးဌာန၊ စစ်အင်အားအခြေပြဇယား ၂၀၀၀–၂၀၀၁၊ (လန်ဒန်၊ အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်၊ ၂၀၀၁ ခုနှစ်)။ ထိုအဖွဲ့များအနေဖြင့် အပစ်အခတ်ရပ်စဲရန် နှုတ်သဘောတူညီချက်ရှိထားပြီးဖြစ်သော်လည်း တရားဝင်သဘော အပစ်အခတ်ရပ်စဲထားသောအဖွဲ့မှာ တဖွဲ့သာရှိသည်။ အဖွဲ့များအားလုံး လက်နက်စွဲကိုင်ထားဆဲဖြစ်၍ ငြိမ်းချမ်းရေးအတွက် ဆက်လက်အဖြေရှာဆွေးနွေးမှုများ မတွေ့ရပေ။

[၁၆] လားဟူအမျိုးသားအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးအေးမောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ချင်းမိုင်ခရိုင်၊ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၅ ရက်။

[၁၇] ကရင်ဗုဒ္ဓဘာသာစစ်သည်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊ သေကာရရွာ၊ မြန်မာနိုင်ငံ၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်။

ဝယ်ယူခဲ့ကြောင်း အဆိုပါ DKBA စစ်သည်ဟောင်းများကပင် ပြောပြသည်။[၁၈] ထို့အပြင် ဒေသအတွင်းရှိထိုင်းစစ်တပ်တပ်မှူးတဦးက သူပုန်အဖွဲ့တခု၏ခေါင်းဆောင်ကို လူကိုထိခိုက်စေသောမိုင်းများ ရောင်းရန်ရှိသည်ဟု ၂၀၀၁ခုနှစ်နှောင်းပိုင်းက ကမ်းလှမ်းခဲ့သည်။[၁၉] ထိုင်းနိုင်ငံသည် မိုင်းပုံးတားဆီးရေးသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံတခုဖြစ်ပြီး ထိုင်းနိုင်ငံသားများ လူကိုထိခိုက်စေသောမိုင်းများရောင်းချခြင်းနှင့် လွှဲပြောင်းခြင်းကို တားမြစ်ထားသည်။

လက်နက်ကိုင်အဖွဲ့များစွာက လူကိုထိခိုက်စေသောမိုင်းများ သိုလှောင်ထားကြောင်း ဝန်ခံပြောဆိုထားသော်လည်း အရေအတွက်မည်မျှရှိကြောင်းကိုမူ ထုတ်ဖေါ်ပြောဆိုခြင်းမရှိပေ။ ၂၀၀၁ခုနှစ် စက်တင်ဘာလက ၂၀၀၁ခုနှစ်အတွက် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာထုတ်ပြန်ပြီးနောက်တွင် နောက်ထပ်အဖွဲ့လေးခု မိုင်းပုံးများသိုလှောင်ထားကြောင်း စုံစမ်းသိရှိရသည်။ ထိုအဖွဲ့များမှာ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN)၊ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(UWSA)၊ ဝအမျိုးသားတပ်မတော် (WNA) နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာမူဆလင်များသမဂ္ဂ(ABMU)တို့ ဖြစ်သည်။[၂၀] ထို့အပြင် ကရင်ပြည်နယ်တောင်ပိုင်း မြန်မာနိုင်ငံဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်(DAB) လက်အောက်ခံစစ်ကြောင်းများတွင် ပါဝင်လှုပ်ရှားနေသော အဖွဲ့ငယ်များလည်း မိုင်းပုံးများသိုလှောင်ထားသည်။[၂၁]

## အသုံးပြုမှု–အစိုးရမဟုတ်သောအဖွဲ့များ

အနည်းဆုံး တိုင်းရင်းသားနှင့် အခြားသူပုန်အဖွဲ့ ၁၃ ခု လူကိုထိခိုက်စေသောမိုင်းများ အသုံးပြုနေကြောင်းယုံကြည်ရသည်။ ယခင်က မိုင်းအသုံးပြုကြောင်း မှတ်တမ်းအတင်မခံရသည့်အဖွဲ့သုံးခု မြေမြှုပ်မိုင်းများ အသုံးပြုနေကြောင်း ၂၀၀၂ခုနှစ်တွင် စုံစမ်းသိရှိရသည်။ ထိုအဖွဲ့များမှာ ပအိုဝ့်ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(PPLF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာမူဆ

---

[၁၈] ကရင်ဗုဒ္ဓဘာသာစစ်သည်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊ သေကာရရွာ၊ မြန်မာနိုင်ငံ၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်။

[၁၉] တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ။

[၂၀] သူပုန်အဖွဲ့ခေါင်းဆောင်တဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်။ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်တဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၆ ရက်။ NSA မြေမြှုပ်မိုင်းအသုံးပြုမှုတွင် ပါဝင်ပတ်သက်နေပုံအကြောင်း ပိုမိုသိရှိလိုပါက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၀ ခုနှစ်အစီရင်ခံစာ စာမျက်နှာ ၄၇၄–၄၇၆ တွင်ရှု။

[၂၁] ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်စစ်ကြောင်းများသည် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ပြည်ချစ်ပါတီနှင့် အခြားအဖွဲ့များပါဝင်သော အတိုက်အခံမဟာမိတ်တပ်ပေါင်းစု၏ စစ်ရေးတောင်ပံဖြစ်သည်။

လင်များသမဂ္ဂနှင့် ဝအမျိုးသားတပ်မတော်တို့ဖြစ်သည်။ မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်စစ်ကြောင်းများလည်း လူကိုထိခိုက်စေသောမိုင်းများ အသုံးပြုကြောင်း ဝန်ခံထားသည်။[၂၂]

ယမန်နှစ်အစီရင်ခံစာတွင် ဖေါ်ပြထားသော အစိုးရမဟုတ်သည့်အဖွဲ့ ၁၀ ဖွဲ့သည် လူကိုထိခိုက်စေသောမိုင်းများ ဆက်လက်အသုံးပြုဆဲဖြစ်သည်။ ထိုအဖွဲ့များမှာ ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့(RSO)၊ ချင်းအမျိုးသားတပ်မတော်(CNA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာမူဆလင်များသမဂ္ဂ၊ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၊ ကရင်နီတပ်မတော်(KA)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ ဒီမိုကရက်တစ်ဗုဒ္ဓဘာသာ ကရင်တပ်မတော်၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ပြည်သူ့ကာကွယ်ရေးတပ်(PDF) နှင့် မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦး(MDUF)တို့ဖြစ်သည်။ ယခင်က မိုင်းအသုံးပြုသော ဘုရားသခင်တပ်မတော်မှာ အခုအခါမရှိတော့ပေ။

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အနေဖြင့် ကရင်ပြည်နယ် ဖါးအံခရိုင်အတွင်း မိုင်းကွင်းနှစ်ခု ထားရှိဆဲဖြစ်ကြောင်း ယုံကြည်ရသည်။ ပြည်တွင်း၌ အိမ်မဲ့ယာမဲ့ဖြစ်နေသောကရင်ပြည်သူများကို ဗမာစစ်တပ်တိုက်ခိုက်ခြင်းမှကာကွယ်ရန် ထိုမိုင်းကွင်းများလိုအပ်သည်ဟုဆိုသည်။[၂၃] အစီရင်ခံစာတွင်ဖေါ်ပြသောကာလအတွင်း ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အနေဖြင့် မိုင်းအသုံးပြုမှုများလာကြောင်း ယုံကြည်ရသည်။ တနင်္သာရီတိုင်းအတွင်း ထောင်ထားသောမိုင်းများကြောင့် ကင်းလှည့်လာသော အစိုးရစစ်သားများ မကြာခဏထိခိုက်ဒါဏ်ရာရမှုများရှိကြောင်း ကရင့်လူ့အခွင့်အရေးအဖွဲ့က ပြောဆိုသည်။[၂၄] ၂၀၀၁ခုနှစ် ဖေဖေါ်ဝါရီလ ၉ ရက်နေ့မှ ဧပြီလ ၇ ရက်နေ့အတွင်း မိုင်းထိခိုက်ဒဏ်ရာရမှု နှစ်ဆယ့်လေးခုဖြစ်ပွါးပြီးနောက် သူ့စစ်တပ်များ မြေမြှုပ်မိုင်း သတိထားရန်ညွှန်ကြားချက်တရပ်ကို အစိုးရကထုတ်ပြန်ခဲ့ရသည်။[၂၅]

---

[၂၂] တိုင်းရင်းသားနှင့် အခြားသူပုန်အဖွဲ့များမှခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ထိုတွေ့ဆုံမေးမြန်းခြင်းများကို ထိုင်းနိုင်ငံ ချင်းမိုင်၊ မယ်ဟောင်ဆောင်၊ မဲစရင်းရမ်း၊ မဲဆောက်၊ ကန်ချနဘူရီနှင့် စံခလဘူရီတို့တွင် ၂၀၀၁ ခုနှစ် စက်တင်ဘာနှင့် နိုဝင်ဘာလများတွင် ပြုလုပ်ခဲ့သည်။

[၂၃] ကရင့်လူ့အခွင့်အရေးအဖွဲ့ အဖွဲ့ဝင်တဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့။

[၂၄] ကရင်လူ့အခွင့်အရေးအဖွဲ့၊ "ထိန်းချုပ်ရေးမဟာဗျူဟာ–တနင်္သာရီတိုင်း၊ လာမူးလယ် မြို့နယ်အတွင်းက ဖြစ်ရပ်များ"၊ ၂၀၀၁ခုနှစ် ဒီဇင်ဘာလ၊ စာမျက်နှာ ၃။

[၂၅] နယက စစ်တပ်အရာရှိတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ခုနှစ် ဧပြီလ။

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်များနှင့်နယ်ခြင်းစပ် ရှမ်းပြည်နယ်အတွင်းက ရှမ်းပြည်တပ်မတော်သည် ၎င်းထိမ်းချုပ်မှုအောက်ရှိစခန်းများပတ်လည်တွင် မိုင်းများထောင်ထားကြောင်း သိရှိရသည်။[၂၆]

လွန်ခဲ့သည့်ခြောက်နှစ်တာကာလအတွင်း သူ့စစ်သားများကို မိုင်းအလုံး ၁၀၀၀ ခန့် ထောင်ခိုင်းခဲ့ကြောင်း DKBA ဒုတိယတပ်ရင်းမှူးဟောင်း တဦးကပြောပြသည်။[၂၇] ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၏တိုက်ခိုက်မှုကို ပြန်လည်လက်စားချေသည့်သဘောနှင့် DKBA က မိုင်းများထောင်ထားသည့်အတွက် မြဝတီမြို့နယ်အတွင်းမှ ရွာသုံးရွာက ၂၀၀၁ ခုနှစ် အောက်တိုဘာလမှစ၍ မိုင်းပေါက်ကွဲသံများကြားရကြောင်း ထုတ်ဖေါ်ပြောဆိုသည်။ နောက်တလအကြာတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးနှစ်ပါးနှင့် ရွာသာတဦးတို့ မိုင်းနင်းမိကြပြီး၊ ဘုန်းကြီးတပါးမှာ ပျံလွန်တော်မူခဲ့သည်။[၂၈]

DKBA တို့သည် မိုင်းများဖြင့်ဝိုင်းရံထားသော ၎င်းတို့ထိန်းချုပ်နယ်မြေအတွင်းမှ သစ်ထုတ်လုပ်ရေးလုပ်ငန်းကိုလည်း ထိန်းချုပ်ထားသည်။ DKBA ထိန်းချုပ်နယ်မြေများတွင် ထိုင်းစီးပွါးရေးလုပ်ငန်းရှင်များက သစ်ပင်များခုတ်ယူခွင့်ရရှိထားသည်။ ထိုနေရာကို ပြိုင်ဘက် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ဝင်ရောက်တိုက်ခိုက်ခြင်းမှကာကွယ်ရန် မိုင်းများထောင်ထားသည်။ ထိုသို့မိုင်းထောင်ထားသဖြင့် ထိုင်းစီးပွါးရေးလုပ်ငန်းရှင်များကလည်း ထိုနယ်မြေထက်ကျော်လွန်၍ သစ်ပင်များခုတ်လှဲခြင်းမှ ကာကွယ်ပြီးသားဖြစ်သွားသည်။[၂၉] ၂၀၀၁ခုနှစ်မေလအတွင်း DKBA ထိန်းချုပ်နယ်မြေအတွင်းရှိ သစ်စက်တွင် ထောင်ထားသောမိုင်းကိုနင်းမိပြီး မျှစ်ရှာထွက်နေသော ၁၉ နှစ်အရွယ် ကရင်အမျိုးသမီးတဦး ဒဏ်ရာရခဲ့သည်။[၃၀] တောထဲမဝင်ရဟူသော သတိပေးအမှတ်သားများကို မြင်တွေ့ရကြောင်း၊ သို့သော်သူမအနေဖြင့် ထိုသတိပေးချက်ကို ဥပက္ခာပြုခဲ့ကြောင်း ပြောပြသည်။

ကရင်နီပြည်နယ်တွင်မူ မိုင်းများကို လယ်ကွင်းပြင်များထဲ၌ပင်ထောင်ထားသည်။ ထို့ကြောင့်ရွာသူရွာသားများအနေဖြင့် စပါးစိုက်မည့်အစား စိုက်ပျိုးမြေအနည်းငယ်သာ လို

---

[၂၆] ရှမ်းကယ်ဆယ်ရေး စေတနာ့ဝန်ထမ်းတဦးနှင့် အီးမေး ဆက်သွယ်ချက်၊ ၂၀၀၂ ခုနှစ် ဧပြီလ ၄ ရက်၊ ထိုဝန်ထမ်းသည် မွန်ယွမ်းမှရောက်လာသော ရှမ်းဒုက္ခသည်တဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

[၂၇] ဒီမိုကရက်တစ်ဗုဒ္ဓဘာသာကရင်တပ်မတော် စစ်သားဟောင်းများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ သေကာရာရွာ၊ မြန်မာနိုင်ငံ၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်။

[၂၈] FTUB နှင့် အီးမေး ဆက်သွယ်ချက်၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်။ FTUB အဖွဲ့ဝင် တဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်။

[၂၉] DKBA တပ်မှူးဟောင်းတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ သေကရာရွာ၊ မြန်မာနိုင်ငံ၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်။

[၃၀] နော်မြဝင်းနှင့်တွေ့ဆုံမေးမြန်းခြင်း၊ မယ်တော်ဆေးခန်း၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၈ ရက်။

အပ်သည့် ဘိန်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လာကြရသည်။ ထိုဘိန်းများအပေါ် ဒေသအတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့များက အခွန်ကောက်ခံသည်။[၃၁] ရှမ်းပြည်တောင်ပိုင်းရှိ နမ့်ဆန်နှင့် ဆီဆိုင်တဝိုက်ရှိ စိတ်ကြွဆေးပြားထုတ်လုပ်သော စက်ရုံများအနီးတဝိုက်တွင်လည်း မိုင်းများထောင်ထားကြောင်း၊ သို့ဖြင့် ထိုစက်ရုံများအနီးသို့ သာမန်ပြည်သူများ သွားရောက်ခြင်းကို တားဆီးနိုင်ကြောင်း သူပုန်တဦးကပြောပြသည်။[၃၂]

ထားဝယ်ခရိုင်၊ မုတ်ဆိုးရွာရှိ သတ္တုတွင်းနယ်မြေရှိ ထိုင်းနိုင်ငံသို့သွားရောက်သော လမ်းကြောင်းပေါ်တွင် ၂၀၀၁ ခုနှစ် ဧပြီလအတွင်း အမျိုးသမီးတဦးနှင့် သမီးငယ်တဦး မိုင်းထိခိုက်ဒဏ်ရာရပြီး သေဆုံးခဲ့ကြောင်း သတင်း ရရှိသည်။[၃၃]

## မြေမြှုပ်မိုင်းမိုင်းပြသနာ

မြန်မာနိုင်ငံရှိ တိုင်းနှင့်ပြည်နယ် ၁၄ ခုအနက် ၉ ခုမှာ မိုင်းများရှိသည်။ မိုင်းအများဆုံးရှိသောနယ်မြေများမှာ နိုင်ငံအရှေ့ဘက်ခြမ်းပြည်နယ်များဖြစ်သည်။[၃၄] ထိုင်းနယ်စပ်သောင်ရင်းမြစ်တလျှောက်နှင့် ဒေါနတောင်တန်းတွင် မိုင်းများထူထပ်စွာချထားကြောင်း သိရသည်။[၃၅] ယခင်က ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် လှုပ်ရှားနယ်မြေများဖြစ်သော ကရင်ပြည်နယ်အတွင်းကတောင်တန်းများတွင် မိုင်းထူထပ်စွာချထားခြင်းကြောင့် ဆယ်စုနှစ်တခုကျော် လူမသွားရနယ်မြေအဖြစ် သတ်မှတ်ခံခဲ့ရသည်။[၃၆] ဖါပွန်မြို့ မြောက်

---

[၃၁] ရှမ်းပြည်နယ်အနောက်တောင်ဘက်မှရောက်လာသော သူပုန်တဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မယ်ဟောင်ဆောင်၊ ထိုင်းနိုင်ငံ၊ မေလ ၂၀၀၁ ခုနှစ်။

[၃၂] ရှမ်းပြည်နယ်အနောက်တောင်ဘက်မှရောက်လာသော သူပုန်တဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မယ်ဟောင်ဆောင်၊ ထိုင်းနိုင်ငံ၊ မေလ ၂၀၀၁ ခုနှစ်။ ထိုမိုင်းထောင်မှုများကြောင့် ၁၉၉၈ နှင့် ၁၉၉၉ ခုနှစ်များတွင် အနည်းဆုံးရွာသားသုံးဦး မိုင်းဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

[၃၃] ရှမ်းပြည်နယ်အနောက်တောင်ဘက်မှရောက်လာသော သူပုန်တဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မယ်ဟောင်ဆောင်၊ ထိုင်းနိုင်ငံ၊ မေလ ၂၀၀၁ ခုနှစ်။

[၃၄] ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်။

[၃၅] DKBA တပ်မှူးဟောင်းတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်။ အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ၂၀၀၂ ခုနှစ်တွင်ထုတ်ပြန်သော "မြန်မာနိုင်ငံ မြေမြှုပ်မိုင်းပြသနာဆန်းစစ်ချက်အစီရင်ခံစာ"။

[၃၆] မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး တပ်မှူးဟောင်းတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ၊ ၂၀၀၂ ခုနှစ် မတ်လ ၂၂ ရက်။ ထိုတောင်တန်းများသည် ယခင်က ပျောက်ကျားသူပုန်များ၏နယ်မြေများဖြစ်ပြီး ၎င်းတို့ ဆုတ်ခွါပေးရချိန်တွင် အစိုးရစစ်တပ်များ အသုံးမပြုနိုင်အောင် မိုင်းထောင်ခဲ့ရခြင်းဖြစ်ကြောင်း သူကရှင်းပြသည်။

ဘက်၊ ရှေ့ဘက်နှင့်တောင်ဖက်ရှိနယ်မြေများ၊ မြဝတီမြို့အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်ရှိနယ်မြေများတွင်လည်း မိုင်းများထူထပ်စွာချထားသည်။[၃၇]

အရပ်သားများ ကျင်လည်ကျက်စားရာနေရာများနှင့် အနီးအနားတွင် မြန်မာစစ်တပ်ကမိုင်းများထောင်လေ့ရှိသည်။ သောင်းကျန်းသူနှိမ်နင်းရေးစီမံချက်ကာလအတွင်း အတင်းအကြပ်မောင်းထုတ်ခံခဲ့ရသောရွာသားများ ပြန်လာခြင်းမှတားဆီးရန် ထိုသို့မိုင်းထောင်ခြင်းဖြစ်သည်။[၃၈] မိုင်းထိပြီး အသက်မသေကျန်ရစ်သူ(မိုင်းဝေဒနာရှင်)များနှင့် တွေ့ဆုံမေးမြန်းချက်များအရ မိုင်းထိသူ ၁၄ ရာနှုန်းခန့်မှာ ရွာအပြင်ဘက် ကီလိုမီတာဝက်လောက်အကွာအဝေးတွင် မိုင်းထိခြင်းဖြစ်ကြောင်းသိရသည်။ ထို့အပြင် ၆၃ ရာနှုန်းသော မိုင်းထိသူများမှာ ယခင်က သူတို့သွားလာနေကြ နေရာများတွင် မိုင်းနင်းမိခြင်းဖြစ်သည်။[၃၉]

အစိုးရစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထောင်ထားသော မိုင်းကြောင့် ထိခိုက်သေဆုံးရသူများထဲတွင် ရန်သူစစ်သားများသာမက မိမိတို့စစ်သားများ၊ အရပ်သားများနှင့် သားကောင်များလည်းပါသည်။ တွေ့ဆုံမေးမြန်းချက်များအရ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်က ထောင်သောမိုင်းများအနက်မှ ၄၀ ရာနှုန်းကျော်မှာ ကိုယ့်ကိုကိုယ် ပြန်ထိခိုက်မှုဖြစ်စေသည်။ ထိုထိခိုက်မှုများမှာ မိုင်းထောင်စဉ်၊ မိုင်းဖြုတ်စဉ် သို့မဟုတ် မိုင်းနင်းမိ၍ဖြစ်ပြီး ဒဏ်ရာရမှုနှင့်သေဆုံးမှုများကို ဖြစ်စေသည်။[၄၀] အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့က တွေ့ဆုံမေးမြန်းချက်ပြုလုပ်ရာတွင် မိုင်းဒဏ်မှ အသက်မသေကျန်ရစ်သူ ခြောက်ရာနှုန်းမှာ မိုင်းထောင်စဉ် သို့မဟုတ် မိုင်းဖယ်ရှားစဉ်တွင် ထိခိုက်ဒဏ်ရာရသူများဖြစ်ကြောင်း ဖော်ပြသည်။[၄၁]

---

[၃၇] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ၂၀၀၂ ခုနှစ်တွင်ထုတ်ပြန်သော “မြန်မာနိုင်ငံမြေမြှုပ်မိုင်းပြဿနာဆန်းစစ်ချက်အစီရင်ခံစာ”။ ထိုသတင်းအချက်အလက်များကို ၁၉၉၉ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်အတွင်းပြုလုပ်ခဲ့သော မြေမြှုပ်မိုင်းဒဏ်ခံခဲ့ရသူ ၁၈၂ ဦးနှင့် တွေ့ဆုံမေးမြန်းခြင်းများအပေါ်တွင် အခြေခံစုဆောင်းခဲ့ခြင်းဖြစ်သည်။

[၃၈] ကရင့်လူ့အခွင့်အရေးအဖွဲ့၊ “တိုက်ခိုက်ခြင်း၊ ဝေါ်မွတ်ခြင်းနှင့် အသက်ရှင်သန်ရေး – ညောင်လေးပင်နှင့်ဖါပွန်ခရိုင်များရှိကျေးရွာများတွင်ဖြစ်ပွါးနေသော ဖိနှိပ်မှုနှင့် အိမ်မဲ့ယာမဲ့ဖြစ်မှုများ”။ အောက်တိုဘာ ၂၀၀၁ ခုနှစ်၊ စာမျက်နှာ ၅၃–၅၇။

[၃၉] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ၂၀၀၂ ခုနှစ်တွင်ထုတ်ပြန်သော “မြန်မာနိုင်ငံမြေမြှုပ်မိုင်းပြဿနာဆန်းစစ်ချက်အစီရင်ခံစာ”။

[၄၀] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်သော “မြန်မာနိုင်ငံမြေမြှုပ်မိုင်းပြဿနာဆန်းစစ်ချက်အစီရင်ခံစာ”။

[၄၁] အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့၊ “မိုင်းထိခိုက်မှုများဆန်းစစ်ချက်စာတမ်း”၊ တာ့ခရိုင်၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ် ဩဂုတ်လ။

မြန်မာနိုင်ငံတွင် မိုင်းရှိနယ်မြေများကို စနစ်တကျမှတ်သားထားခြင်းမျိုးမရှိပေ။ တခါတရံ မိုင်းထိသူများအနေဖြင့် အန္တရာယ်ပုံစံပြသည့် ကြက်ခြေခတ်အမှတ်အသားများ၊ ရုပ်အလောင်းပုံစံများ၊ မိုင်းနှင့်ဝါယာကျိုးအစိတ်အပိုင်းများ[၉၂] ကဲ့သို့သော အမှတ်အသားများနှင့် မထင်မရှားအမှတ်အသားတချို့ တွေ့ရတတ်သည်။ မိုင်းထောင်သောစစ်သားများက သူတို့အနေဖြင့် ရွာသားများကို မိုင်းထောင်ထားကြောင်း နှုတ်သတိပေးချက်များ ပြုလုပ်သည်ဟုပြောသော်လည်း အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က တွေ့ဆုံမေးမြန်းခြင်းပြုလုပ်သောမိုင်းဝေဒနာရှင်တဦးတယောက်ကမျှ ထိုသို့သောသတိပေးချက်ကိုသိရှိကြောင်း မဖေါ်ပြပေ။

## မိုင်းရှင်းလင်းရေးနှင့် မိုင်းအန္တရာယ်ပညာပေးမှု

လူသားချင်းစာနာစိတ်အပေါ်အခြေခံ၍ မိုင်းရှင်းလင်းရေးလုပ်ဆောင်ခြင်းမျိုး မြန်မာနိုင်ငံတွင်မရှိသေးပေ။[၉၃] ရတနာခါတ်ငွေ့ပိုက်လိုင်းတည်ဆောက်ခြင်းမတိုင်မီ မိုင်းရှင်းလင်းရေးကိစ္စလုပ်ဆောင်ရန်အတွက် မိုင်းရှင်းကုမ္ပဏီတခု မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်းယုံကြည်ရသည်။ တချို့သောစီးပွါးရေးဇုံများတွင်လည်း ဗမာစစ်တပ်က မိုင်းရှင်းလင်းရေးလုပ်ဆောင်ခဲ့ကြောင်း ယုံကြည်ရသည်။ သူပုန်များနှင့် ရွာသားများက ရနိုင်သမျှသောပစ္စည်းကရိယာများကိုသုံး၍ မိုင်းများဖယ်ရှားကြသည်။ ကရင်ပြည်နယ်အတွင်းမှ ရွာသားများသည် ပေါက်ပြားနှင့် သာမန်သံထည်အချက်ပြကရိယာများကိုသုံးကာ မိုင်းရှင်းလင်းရေးလုပ်ဆောင်ကြသည်။[၉၄] သူပုန်အဖွဲ့တချို့တွင် မိုင်းဖေါ်ထုတ်ရေးကရိယာများရှိကြသည်။[၉၅]

---

[၉၂] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်သော "မြန်မာနိုင်ငံမြေမြှုပ်မိုင်းပြသနာဆန်းစစ်ချက်အစီရင်ခံစာ"။

[၉၃] အစိုးရမဟုတ်သောအဖွဲ့တချို့နှင့် တပ်မတော်က စစ်ရေးအတွက် မိုင်းရှင်းလင်းခြင်းမျိုး လုပ်ဆောင်တတ်သည်။ တခါတရံ အစိုးရမဟုတ်သောအဖွဲ့များက အစိုးရ တပ်များထောင်ထားသော မိုင်းကို ဖေါ်ထုတ်၍ပြန်လည်အသုံးပြုမှုမျိုးရှိသည်။ အသေးစိတ်သိလိုပါက ၂၀၀၁ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ စာမျက်နှာ ၅၂၂ တွင်ကြည့်။

[၉၄] ထိုင်းနိုင်ငံ၊ မဲဆောက်ရှိ မယ်တော်ဆေးခန်းမှ ဆေးမှူးများမှတဆင့် မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ပေးအပ်သောခါတ်ပုံအထောက်အထားများ။ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်။

[၉၅] ရက်စွဲအတိအကျဖေါ်ပြခြင်းမရှိသော ခါတ်ပုံမှတ်တမ်းများအရ အစိုးရမဟုတ်သောအဖွဲ့များတွင် အီလက်ထရွန်းနစ် မိုင်းဖေါ်ထုတ်ရေးကရိယာများရှိကြောင်းတွေ့ရသည်။

စစ်တပ်အင်ဂျင်နီယာများတွင် ယူကော၊ ပြင်သစ်၊ ကိုးရီးယားနှင့် ပြည်တွင်းလုပ်မိုင်းဖေါ်ထုတ်ရေးကရိယာများရှိလင့်ကစား၊[၆၆] အချို့ရှေ့တန်းနယ်မြေများတွင် ဝါးချွန်များသုံး၍ မိုင်းဖေါ်ထုတ်ရေးလုပ်ဆောင်ရန် မြန်မာစစ်တပ်က အမိန့်ပေးကြောင်းသိရသည်။[၆၇]

မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ်ပညာပေးမှုများကို သာမန်ပြည်သူများအတွက်ရည်ရွယ်လုပ်ဆောင်ပေးခြင်းမျိုးမရှိသေးပေ။ ၂၀၀၁ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့မှ ထိုင်းနယ်စပ်ရှိဒုက္ခသည်စခန်းသုံးခုတွင် မိုင်းအန္တရာယ်ပညာပေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။[၆၈] အဓိကဦးတည်ပညာပေးခံရသူများမှာ ထိုင်းနိုင်ငံရောက်မြန်မာဒုက္ခသည်များဖြစ်သည်။ ထိုအစီအစဉ်အတွက် ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ ငွေကြေးထောက်ပံ့ကူညီပေးခဲ့သည်။

အစိုးရအရာရှိများအား မိုင်းပညာပေးရေးရည်ရွယ်ချက်ဖြင့်ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတရပ်ကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံ မြန်မာလူ့အခွင့်အရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တွင် ၂၀၀၂ခုနှစ် ဖေဖေါ်ဝါရီလ ၁၈–၂၀ ရက်များတွင် ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင်ပို့ချမည့် ကျွမ်းကျင်သူပညာရှင်များကို မိုင်းပညာရှင်များအဖွဲ့ (Mines Advisory Group) ကစေလွှတ်ပေးသည်။ မီးသတ်ဌာန၊ မြန်မာ့ကြက်ခြေနီအဖွဲ့နှင့် ရဲဌာနများမှကိုယ်စားလှယ် ၄၀ ခန့်တက်ရောက်ပြီး၊ ဩစတြေးလျအစိုးရ နိုင်ငံခြားအကူအညီပေးရေးဌာနမှ ငွေကြေးထောက်ပံ့ကူညီပေးသည်။[၆၉] ဆွေးနွေးပွဲတက်ရောက်ခဲ့သူများအနေဖြင့် မိုင်းလုံခြုံရေးအတွက် ပညာပေးလုပ်ငန်းများကို လူထုကြားတွင်ဆက်လက်လုပ်ဆောင်သွားမည့်အကြောင်း မိုင်းပညာရှင်များအဖွဲ့မှ ထုတ်ဖေါ်ပြောဆိုသည်။[၇၀] မြန်မာနိုင်ငံ၌လုပ်ကိုင်နေသာ အဖွဲ့အစည်းသုံးခုကို အာရှမိုင်းပညာရှင်အဖွဲ့ (Asian Landmine Solution-

---

[၆၆] Andrew Selth၊ "မြန်မာနိုင်ငံမှမြေမြှုပ်မိုင်းများ–စစ်ဘက်အမြင်"၊ အလုပ်အဖွဲ့စာတမ်းအမှတ် ၃၅၂၊ ဩစတြေးလျအမျိုးသားတက္ကသိုလ်၊ ကာကွယ်ရေးနှင့်မဟာဗျူဟာလေ့လာရေးဌာန၊ ကင်ဘာရာ၊ ၂၀၀၀ ခုနှစ်၊ နိုဝင်ဘာလ၊ စာမျက်နှာ ၁၈–၁၉။

[၆၇] နယက စစ်တပ်အရာရှိတဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ ခုနှစ် ဧပြီလ။

[၆၈] အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းသူများအဖွဲ့၊ "မိုင်းထိခိုက်မှုများဆန်းစစ်ချက်စာတမ်း"၊ တာ့ခရိုင်၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ် ဩဂုတ်လ။

[၆၉] အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သောအကြောင်းအရာများထဲတွင် အော်တိုဝါ သဘောတူညီချက်၊ လူသားချင်းစာနာမှုအခြေခံ မိုင်းဆိုင်ရာဆောင်ရွက်ချက်၊ မိုင်းအကြောင်းရှင်းလင်းပြချက်များနှင့် UXO၊ အပြည်ပြည်ဆိုင်ရာကလက်ခံထားသော လုံခြုံရေးသတင်းလွှာများ၊ ကယ်ဆယ်ရေးနှင့်သတိပေးချက်များ၊ သင်တန်းပို့ချပုံနည်းစနစ်များ၊ ကယ်ဆယ်ရေးအဖွဲ့များနှင့် တွဲဘက်လုပ်ကိုင်ခြင်း၊ မသန်မစွမ်းသူများ၏ စိတ်ပိုင်းနှင့်လူမှုရေးပိုင်းထိခိုက်မှု စသည်တို့ ပါဝင်သည်။

[၇၀] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ (MAG)ပေါ်လစီရေးရာညွှန်ကြားရေးမှူး Tim Carstairs ပေးပို့သော အီးမေး၊ ၂၀၀၂ ခုနှစ် ဇူလိုင်လ ၂၂ ရက်။

ALS) က ၂၀၀၁ခုနှစ် ဖေဖော်ဝါရီလတွင် လူသားချင်းစာနာမှုအပေါ်အခြေခံရသည့် မိုင်းရှင်းနည်းဆိုင်ရာသဘောတရားများကိုပို့ချပေးခဲ့သည်။ ထိုအဖွဲ့သုံးဖွဲ့မှာ ကူညီပေးရေးနှင့်ကယ်ဆယ်ရေးအဖွဲ့ (Association for Aid and Relief-AAR)၊ ဆွစ်ကယ်ဆယ်ရေးအဖွဲ့ (Swiss Aid) နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီများအဖွဲ့(International Federation of Red Cross and Red Crescent Societies) တို့ဖြစ်သည်။[၅၁] သို့သော် မိုင်းဒဏ်ခံနေရသောနယ်မြေများတွင် နိုင်ငံတကာမှကယ်ဆယ်ရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်ခွင့်ကို မြန်မာအစိုးရကခွင့်မပြုပေ။

### *ရက်စက်သောမိုင်းရှင်းနည်း*

ထိုင်းမြန်မာနယ်စပ်တွင် မိုင်းထောင်ထားကြောင်း သံသယရှိနယ်မြေများတွင် မိုင်းရှိမရှိသိနိုင်ရန်အတွက် လူသားများကို မိုင်းရှိနိုင်သောနယ်မြေများပေါ်မှ ဖြတ်လျှောက်စေသော မိုင်းရှင်းနည်းကိုသုံးနေသည်ဟုသိရသည်။ မိုင်းခင်းပေါ်မှ ဖြတ်လျှောက်ရန်စေခိုင်းခံ ရသူများမှာ ဗမာမဟုတ်သောတိုင်းရင်းသားများနှင့် တပ်မတော်စစ်ကြောင်းများတွင် ပေါ်တာအဖြစ်စေခိုင်းခံရသူများဖြစ်သည်။ *(၁၉၉၉–၂၀၀၁ခုနှစ်မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာများတွင်ရှု)*။ လက်နက်ချမြန်မာစစ်သားတဦး၏ပြောပြချက်အရ ၂၀၀၁ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ရဲဘက်ပေါ်တာသုံးဦးသည် တနင်္သာရီတိုင်းအတွင်း သူပုန်များနှင့် တိုက်ပွဲဖြစ်နေစဉ်ကာလအတွင်း မိုင်းခင်းများပေါ်မှ ဖြတ်လျှောက်ခိုင်းခံရသည်။ ထိုသူသုံးဦးမှာ အသက် ၂၆ နှစ်အရွယ် မောင်မောင်သန်း၊ အသက် ၂၀ အရွယ် ကိုဆန်းနှင့် အသက် ၂၂ နှစ်အရွယ် ကိုဆန်းညွန့်တို့ဖြစ်သည်။[၅၂] ကရင်ပြည်နယ် ညောင်လေးပင်ခရိုင်နှင့် ဖါပွန်ခရိုင်များတွင် ရွာသားများကိုအဓမ္မဆင့်ခေါ်ပြီး သောင်းကျန်းသူဆန့်ကျင်ရေးစစ်ဆင်ရေးကာလအတွင်း လူသားမိုင်းရှင်းနည်းကို အသုံးချခဲ့ကြောင်း ၂၀၀၂ ခုနှစ် မတ်လအတွင်းထုတ်ဝေသောအစီရင်ခံစာတစောင်တွင် ရေးသားဖေါ်ပြထားသည်။[၅၃] အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီ(IRC)နှင့် ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးအဖွဲ့(CDC) တို့၏ဆန်းစစ်ချက်များအရ တွေ့ဆုံမေးမြန်းခဲ့သော ဒုက္ခသည် ၇ ရာနှုန်းခန့်မှာ မိုင်းခင်းများ

---

[၅၁] ဆွေးနွေးမှုတွင်ပါဝင်ခဲ့သောအဖွဲ့များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ။

[၅၂] မြန်မာစစ်တပ်မှလက်နက်ချလာသူတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ ခုနှစ်ဧပြီလ ၂၄ရက်။

[၅၃] ကယ်ဆယ်ရေးအဖွဲ့(FBR)၊ "မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ–ကရင်ပြည်နယ်မြောက်ပိုင်း ကျေးရွာများနှင့် အိမ်မဲ့ယာပျောက်နေသူများအား မြန်မာစစ်တပ်ကတိုက်ခိုက်ခြင်း"၊ ၂၀၀၂ခုနှစ် မေလ ၂၃ ရက်တွင် အီးမေးမှတဆင့် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့လက်ခံရရှိသောစာ။

ပေါ်ဖြတ်လျှောက်ရန် အတင်းအကြပ်စေခိုင်းခံခဲ့ရကြောင်း သိရသည်။[၅၄] ထိုအစီရင်ခံချက်များနှင့်ပတ်သက်၍ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က အတည်ပြုနိုင်ခြင်းမရှိသော်လည်း လွန်ခဲ့သည့်လေးနှစ်အတွင်းရရှိခဲ့သည့် အလားတူအစီရင်ခံစာများမှာ စိတ်ပျက်ဖွယ်အတိဖြစ်သည်။

နောက်ဆုံးပေါ်နည်းလမ်းတခုမှာ သင်တန်းနှင့်ပစ္စည်းကရိယာ အလုံအလောက်မပေးပဲ ပေါ်တာများကို မိုင်းရှင်းခိုင်းခြင်းဖြစ်သည်။ ဝါးချွန်ကိုသုံး၍ မိုင်းများကိုမြေထဲတွင် တူးဆွရှာဖွေရပြီး တွေ့ရှိပါက လက်နှင့်ဖယ်ရှားခဲ့ရကြောင်း စစ်တပ်ပေါ်တာပြေးတဦးက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြသည်။[၅၅] ၂၀၀၁ ခုနှစ်ပူးတွဲစစ်ဆင်ရေးကာလအတွင်း နယက နှင့် DKBA စစ်တပ်များသည် သထုံခရိုင်အတွင်းက ရွာသားလေးဆယ်ကို ဖမ်းဆီး၍ မိုင်းခင်းများပေါ်မှဖြတ်လျှောက်ခိုင်းကာ မိုင်းရှင်းလင်းရေးလုပ်ဆောင်ခဲ့ကြောင်း KNLA က ထုတ်ဖော်ပြောဆိုသည်။[၅၆]

## မြေမြှုပ်မိုင်းထိခိုက်ဒါဏ်ရာရမှုများ

မိုင်းထိခိုက်ဒါဏ်ရာရမှုများ လွန်ခဲ့သည့်နှစ်များ အထူးသဖြင့် လွန်ခဲ့သည့်ငါးနှစ်ခြောက်နှစ်အတွင်း သိသိသာသာတိုးပွါးလာသော်လည်း မြန်မာနိုင်ငံတွင် မိုင်းထိခိုက်ဒဏ်ရာရမှုစုစုပေါင်းအရေအတွက်ကို အတိအကျမသိရှိရပေ။ စနစ်တကျ အချက်အလက်စုဆောင်းရေးမှာ ခက်ခဲလှသည်။ အထူးသဖြင့် မိုင်းထိခိုက်ပြီး သေဆုံးသူအရေအတွက်ကို သိရန်မှာ ဒဏ်ရာရသူအရေအတွက်ကိုသိရန်ထက် ပို၍ခက်ခဲသည်။[၅၇] သို့သော် ၂၀၀၁ ခုနှစ်အတွင်း

---

[၅၄] အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီနှင့် ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးဌာန၊ "မယ်ဟောင်ဆောင်အနီးစခန်းသုံးရှိ ကရင်နီဒုက္ခသည်များအား စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဆန်းစစ်ချက်"၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ် ဩဂုတ်လ။

[၅၅] ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလနှင့်မတ်လများအတွင်း နယက စစ်တပ်များတွင် ပေါ်တာအဖြစ်လိုက်ပါခဲ့ရသူတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း။ တွေ့ဆုံမေးမြန်းခြင်းကို ၂၀၀၁ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

[၅၆] ကရင်အမျိုးသားအစည်းအရုံး သတင်းထုတ်ပြန်ချက်အမှတ် ၄၉–၂၀၀၁၊ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့၊ KNU အင်တာနက်ဝက်ဆိုက် www.tawmeipa.org တွင်အဆိုပါ ကြေညာချက်တွေ့ရှိနိုင်သည်။

[၅၇] အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းသူများအဖွဲ့၊ "မိုင်းထိခိုက်မှုများဆန်းစစ်ချက်စာတမ်း"၊ တာ့ခရိုင်၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ် ဩဂုတ်လ။ အပြည်ပြည်ဆိုင်ရာ အကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ၂၀၀၂ခုနှစ်တွင်ထုတ်ပြန်သော "မြန်မာနိုင်ငံမြေမြှုပ်မိုင်းပြသနာဆန်းစစ်ချက်အစီရင်ခံစာ"။ ၂၀၀၁ ခုနှစ်နိုဝင်ဘာလအတွင်း KNU ဆေးမှူးအဖွဲ့များက အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့သို့ တင်သွင်းသောအစီရင်ခံစာများ။

မိုင်းထိခိုက်ဒဏ်ရာရမှုများရှိကြောင်း အစီရင်ခံချက်များရရှိသည်။ ဖေဖော်ဝါရီလ ၁၉ ရက်နှင့် ဧပြီလ ၇ ရက်နေ့အတွင်း မြေမြှုပ်မိုင်းကြောင့် စစ်သား၂၄ ဦးသေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရရှိခြင်းများဖြစ်ခဲ့ကြောင်း သိရသည်။[၅၈] ဧပြီလတွင် ထားဝယ်ခရိုင်အတွင်း၌ မိခင်နှင့်သမီးငယ်တဦးမိုင်းထိသေဆုံးခဲ့သည်။[၅၉] မေလအတွင်း အသက် ၁၉ နှစ်အရွယ် ကရင်အမျိုးသမီးငယ်တဦး DKBA ထိန်းချုပ်နယ်မြေရှိ သစ်စက်အနီးတွင်ထောင်ထားသော မိုင်းကိုနင်းမိပြီး ဒဏ်ရာရရှိခဲ့သည်။[၆၀] ထို့အပြင် နိုဝင်ဘာလအတွင်းဖြစ်ပွါးသောအခင်းတခုတွင် ရဟန်းတော်နှစ်ပါးနှင့် ရွာသားတဦး မိုင်းနင်းမိပြီး ထိုအထဲမှ ရဟန်းတော်တပါး ပျံလွန်တော်မူခဲ့သည်။[၆၁]

မြန်မာနိုင်ငံနှင့်နယ်ခြင်းစပ် မိုင်းထိခိုက်မှုနှုန်းအမြင့်ဆုံး နယ်မြေများဖြစ်သော ပြည်နယ်နှစ်ခုတွင် စစ်တမ်းကောက်ခံချက်အရ ၁၉၉၉ ခုနှစ် ဇွန်လမှ ၂၀၀၀ ခုနှစ် မေလအတွင်း မိုင်းထိခိုက်မှု ၁၄ ခုမှသည် ၂၀၀၀ ခုနှစ် ဇွန်လမှ ၂၀၀၁ ခုနှစ်မေလအတွင်း ထိခိုက်မှု ၃၀ အထိ တိုးပွါးခဲ့သည်။[၆၂] ထိုင်းနိုင်ငံ မြေမြှုပ်မိုင်းပြဿနာဆန်းစစ်ချက်တွင်ဖေါ်ပြထားသော ကိန်းဂဏန်းများတွင် မိုင်းထိပြီးအသက်မသေကျန်ခဲ့သည့် ထိုင်းနိုင်ငံ၌နေထိုင်နေသူများထဲတွင် မြန်မာနိုင်ငံသား များစွာပါဝင်သည်။[၆၃] မယ်လဒုက္ခသည်စခန်းတွင် နယ်ခြားမဲ့ဆရာဝန်များအဖွဲ့(MSF) ကဖွင့်လှစ်ထားသော ဆေးခန်းမှ ကိန်းဂဏန်းများအရ ၂၀၀၁ ခုနှစ် ဇွန်လမှဒီဇင်ဘာလအတွင်း မိုင်းထိခိုက်မှုကြောင့် ခွဲစိတ်ကုသမှုခံယူရန် ထိုင်းဆေးရုံများသို့ ပို့ခဲ့ရသည့် လူနာဦးရေ ၁၇ ဦးရှိသည်။[၆၄]

---

[၅၈] နယက စစ်တပ်အရာရှိတဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ ခုနှစ် ဧပြီလ။

[၅၉] ရှမ်းပြည်နယ်အနောက်တောင်ဘက်မှရောက်လာသော သူပုန်တဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မယ်ဟောင်ဆောင်၊ ထိုင်းနိုင်ငံ၊ မေလ ၂၀၀၁ ခုနှစ်။

[၆၀] နော်မြဝင်းနှင့်တွေ့ဆုံမေးမြန်းခြင်း၊ မယ်တော်ဆေးခန်း၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၈ ရက်။

[၆၁] FTUB နှင့် အီးမေးဆက်သွယ်ချက်၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်။ FTUB အဖွဲ့ဝင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်။

[၆၂] မြန်မာနိုင်ငံနှင့်သာသက်ဆိုင်သော ထိုကိန်းဂဏန်းများကို ထိုင်းနိုင်ငံ မြေမြှုပ်မိုင်းပြဿနာဆန်းစစ်ချက်စာတမ်းမှ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးသုတေသီများက ပြန်လည်ကောက်နှုတ်တင်ပြထားခြင်းဖြစ်သည်။

[၆၃] ထိုင်းနိုင်ငံ မြေမြှုပ်မိုင်းပြဿနာဆန်းစစ်ချက်နှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက ၂၀၀၁ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ စာမျက်နှာ ၄၈၉ တွင်ရှု။

[၆၄] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ပေးပို့သော MSF စစ်ပွဲထိခိုက်မှုဆိုင်ရာကိန်းဂဏန်းများ၊ ၂၀၀၂ ခုနှစ် မတ် ၁၅ ရက်။ ၂၀၀၀ ခုနှစ်က အလားတူအချိန်ကာလအတွင်း ထိုင်းဆေးရုံသို့

စခန်းသုံးခုတွင်နေထိုင်နေသောဒုက္ခသည်များအပါအဝင် ထိုင်းနိုင်ငံ တာ့(ခ)ခရိုင်တွင်နေထိုင်နေသော မြန်မာများကိုအဓိကထား၍ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့က မိုင်းထိခိုက်ဒဏ်ရာရမှု ဆန်းစစ်ချက်တခုပြုလုပ်ခဲ့သည်။[၆၅] ၁၉၅၉ နှင့် ၁၉၉၅ ခုနှစ်များအကြား မိုင်းထိခိုက်မှုဒဏ်ရာရမှု ၁၃၂ ခု၊ ၁၉၉၆ ခုနှစ်တွင် ၉ ခု၊ ၁၉၉၇ ခုနှစ်တွင် ၁၄ ခု၊ ၁၉၉၈ ခုနှစ်တွင် ၁၆ ခု၊ ၁၉၉၉ ခုနှစ်တွင် ၁၁ ခု၊ ၂၀၀၀ ခုနှစ်တွင် ၂၂ ခုနှင့် ၂၀၀၁ ခုနှစ် ပထမနှစ်လအတွင်း ၁၀ ခုရှိခဲ့ကြောင်း အဆိုပါဆန်းစစ်ချက်က မှတ်တမ်းတင်ခဲ့သည်။ ထိုမိုင်းထိခိုက်မှု ၂၁၄ ခုအနက် တခုမှလွဲ၍ ကျန်ထိခိုက်မှုခံရသူများမှာ မြန်မာများဖြစ်သည်။ ထိုင်းမြန်မာနယ်စပ်မှ အကြီးဆုံးဒုက္ခသည်စခန်းများတွင်ပြုလုပ်သော အဆိုပါဆန်းစစ်ချက်အရ မသန်မစွမ်းသူများ၏ ၁၀ ရာနှုန်းမှာ မိုင်းထိခိုက်ဒဏ်ရာရသူများဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအအဖွဲ့က ဖော်ပြသည်။[၆၆] ထိုဆန်းစစ်ချက်ပြုလုပ်နိုင်ရန် ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက ငွေကြေးထောက်ပံ့ကူညီပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ ကပြုလုပ်သော စစ်တမ်းများအရလည်း ၁၉၉၆ ခုနှစ်နှင့် ၂၀၀၀ ခုနှစ်အကြားတွင် မိုင်းထိခိုက်ဒဏ်ရာရမှုများ အလားတူပင်တိုးတက်များပြားလာသည်ကိုတွေ့ရသည်။[၆၇] ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင်နေထိုင်နေသော မိုင်းဝေဒနာရှင်များနှင့်တွေ့ဆုံမေးမြန်းချက်များအရ မိုင်းဝေဒနာရှင် ၄၀ ရာနှုန်း

---

ပေးပို့ခဲ့သော မိုင်းထိလူနာဦးရေမှာ ၁၆ ယောက်ဖြစ်သည်။ တချို့လများအတွက် မှတ်တမ်းမှတ်ရာများ ပျောက်ဆုံးသွားသဖြင့် တနှစ်ပတ်လုံးစာ အချက်အလက်များ မရရှိနိုင်ခဲ့ပေ။

[၆၅] အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့၊ "မိုင်းထိခိုက်မှုများဆန်းစစ်ချက်စာတမ်း"၊ တာ့ခရိုင်၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ် ဩဂုတ်လ။

[၆၆] အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့၊ "မိုင်းထိခိုက်မှုများဆန်းစစ်ချက်စာတမ်း"၊ တာ့ခရိုင်၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ် ဩဂုတ်လ၊ စာမျက်နှာ(င) ၅–၆။

[၆၇] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်သော "မြန်မာနိုင်ငံမြေမြှုပ်မိုင်းပြဿနာဆန်းစစ်ချက်အစီရင်ခံစာ"။ အပြည်ပြည်ဆိုင်ရာအကြမ်း မဖက်အဖွဲ့၏စစ်တမ်းအရ ၁၉၉၆ ခုနှစ်တွင် မိုင်းထိခိုက်မှု ၂ ခုရှိပြီး ၂၀၀၀ ခုနှစ်တွင် ၂၃ ခုရှိသည်။ ၁၉၉၉ ခုနှစ်မှစတင်ခဲ့သော အဆိုပါဆန်းစစ်ချက်သည် ဆက်တိုက်ပြုလုပ်နေသည့် ဆန်းစစ်ချက်တခုဖြစ်ပြီး၊ မိုင်းဒဏ်ရာမှအသက်မသေကျန်ရစ်သူများနှင့် မိုင်းထိခိုက်မှုများရှိသော နယ်များမှရရှိသည့် အချက်အလက်များအပေါ်အခြေခံသည်။ အခြားဌာနများမှရရှိသော အချက်အလက်များလည်း ပါဝင်နိုင်အောင်အားထုတ်နေသည်။ မြန်မာနိုင်ငံမှ အမျိုးသားပြန်လည်နလန်ထူရေး ဆေးရုံများနှင့်တွဲဖက်၍ မိုင်းထိခိုက်မှုဆိုင်ရာမှတ်တမ်း တခုပြုစုနိုင်ရေးအတွက် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ထိုဆန်းစစ်ချက်ပြုလုပ်ရန်အတွက် ကနေဒါအစိုးရ၊ Open Society Institute၊ ICBL ၏မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့တို့မှ ငွေကြေးထောက်ပံ့မှုရရှိသည်။

ခန့်မှာ အရပ်သားများဖြစ်ကြသည်။ တွေ့ဆုံမေးမြန်းခံရသော အသက်မသေကျန်ရစ်သူများအနက်မှ အသက် ၁၆ နှစ်ရွယ်များမှာ ခြောက်ရာနှုန်းခန့်ဖြစ်သည်။ ထိုအထဲမှ တဝက်ခန့်မှာ မိုင်းထိခိုက်မှုဖြစ်စဉ် စစ်ရေးအလုပ်တခုခုလုပ်နေသူများဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုများတွင် ခလေးစစ်သား ၁၂ ဦးပါဝင်ပြီး ခလေးစစ်သားထိခိုက်မှုမှာ မိုင်းထိခိုက်မှုများအားလုံး၏ ၁၁ ရာနှုန်းခန့်ရှိသည်။[၆၈] အစိုးရမဟုတ်သောအဖွဲ့များမှတင်ပြသည့် ညောင်လေးပင်ခရိုင်ရှိမြို့နယ်သုံးခုမှ မိုင်းထိခိုက်မှုမှတ်တမ်းအရလည်း ၁၉၉၆ ခုနှစ်နှင့် ၂၀၀၀ ခုနှစ်အကြား မိုင်းထိခိုက်မှု များပြားလာကြောင်းသိရသည်၊ ၁၉၉၆ ခုနှစ်တွင် မိုင်းထိခိုက်မှုတခုတည်းကိုသာ မှတ်တမ်းတင်ခဲ့သော်လည်း ၂၀၀၀ ခုနှစ်တွင် ၁၂ခုရှိကြောင်း အဆိုပါမှတ်တမ်းတွင်ဖေါ်ပြသည်။[၆၉] အစိုးရမဟုတ်သောအဖွဲ့များအတွင်း ကိုယ့်မိုင်းကိုနင်းမိ၍ဖြစ်ရသော ထိခိုက်ဒဏ်ရာရမှုများမှာ အများသိထုတ်ပြန်ကြေညာသော အရေအတွက်ထက်များကြောင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က လေ့လာသိရှိရသည်။

မိုင်းထိခိုက်မှုဖြစ်သူအများစုမှာ ယောကျ်ားများဖြစ်ကြောင်း လေ့လာချက်များအားလုံးတွင် တညီတညွတ်တည်းဖေါ်ပြသည်၊ (အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ လေ့လာချက်အရ ၉၄ ရာနှုန်း၊ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့ လေ့လာချက်အရ ၉၅ ရာနှုန်း၊ မြေမြှုပ်မိုင်းပြသနာဆန်းစစ်ချက်အရ ၉၃ ရာနှုန်းနှင့် IRC/CDC လေ့လာချက်အရ ၉၆.၆ ရာနှုန်းတို့ဖြစ်သည်)။ ထိခိုက်သူအများစုမှာလည်း ထိခိုက်မှုဖြစ်ချိန်တွင် စစ်ရေးအလုပ် လုပ်ဆောင်နေသူများဖြစ်သည်၊ (အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ လေ့လာချက်အရ ၆၁ ရာနှုန်း၊ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့ လေ့လာချက်အရ ၆၁.၅ရာနှုန်း၊ မြေမြှုပ်မိုင်းပြသနာဆန်းစစ်ချက်အရ ၅၂ ရာနှုန်းနှင့် IRC/CDC လေ့လာချက်အရ ၆၅ ရာနှုန်းတို့ဖြစ်သည်)။[၇၀]

---

[၆၈] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်သော "မြန်မာနိုင်ငံမြေမြှုပ်မိုင်းပြသနာဆန်းစစ်ချက်အစီရင်ခံစာ"။

[၆၉] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ၊ ကရင်ဆေးမှူးတဦးတင်ပြသော အစီရင်ခံစာ၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ။

[၇၀] ထိုကိန်းဂဏန်းများကို ထိုင်းနိုင်ငံ မြေမြှုပ်မိုင်းပြသနာဆန်းစစ်ချက်စာတမ်းမှ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးသုတေသီများက ပြန်လည်ကောက်နှုတ်တင်ပြထားခြင်းဖြစ်သည်။ နယ်စပ်ရှိနယ်ခြားမဲ့ဆရာဝန်များဆေးခန်းမှတဆင့် အရေးပေါ်ကုသမှုခံယူရန် ၂၀၀၀–၂၀၀၁ ခုနှစ်အတွင်း ပို့ဆောင်ပေးခဲ့သော မိုင်းဝေဒနာရှင်များအနက် ၉၇ ရာနှုန်းမှာ အမျိုးသားများဖြစ်ပြီး၊ ကျန် ၃ ရာနှုန်းသာ အမျိုးသမီးများဖြစ်သည်။ နယ်ခြားမဲ့ဆရာဝန်များဆေးခန်းမှာ အချက်အလက်များကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ ၂၀၀၂ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင်ပေးပို့ခဲ့သည်။ သို့သော် အချက်အလက်များပျောက်ဆုံးသွားသဖြင့် တချို့လများမှ မှတ်တမ်းများမရရှိပေ။

၂၀၀၁ ခုနှစ် ဇန်နဝါရီလမှဇွန်လအတွင်း ကရင်ပြည်နယ်အတွင်း အိမ်ယာမဲ့ဖြစ်နေသူများရှိရာနယ်မြေများတွင် တိုင်းရင်းသားဆေးအဖွဲ့ဖြစ်သော နယ်လှည့်ကျောပိုးအိတ်ဆေးမှူးများအဖွဲ့(BPHWT)[၇၁] ကစစ်တမ်းတခုကောက်ခံခဲ့သည်။ အိမ်ထောင်စု ၇၇၆ အိမ်ကို အခြေခံကာ စစ်တမ်းကောက်ခံခဲ့သည်။ ထိုအိမ်ထောင်စုများတွင် အသက်ငါးနှစ်အထက် တဦးမှာ လွန်ခဲ့သောနှစ်များအတွင်း ကွယ်လွန်ခဲ့ဘူးပြီး၊ သေဆုံးသူအားလုံး၏ ငါးရာနှုန်းခန့်မှာ မြေမြှုပ်မိုင်း ထိခိုက်မှုကြောင့်ဖြစ်သည်။[၇၂]

၂၀၀၂ခုနှစ်အတွင်း မိုင်းထိခိုက်ဒဏ်ရာရမှုများနှင့်ပတ်သက်သော အချက်အလက်များ အကန့်အသတ်နှင့်သာရရှိသည်။ ထိုင်းနိုင်ငံ တာ့ခရိုင်တွင် မြေမြှုပ်မိုင်းဆိုင်ရာ မှတ်တမ်းတင်မှုများကို တိုးတက်အောင်လုပ်ဆောင်ရန်အတွက် အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့က နယ်စပ်ရှိဆေးရုံများနှင့် နည်းစနစ်တခုတည်ထောင်ထားခဲ့သည်။ ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှဧပြီလအထိ မိုင်းထိခိုက်မှု ၁၉ ခုဖြစ်ပေါ်ကြောင်းသိရှိရသည်။ ထိုအထဲမှ နှစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသည်။ ထိုအထဲမှာ ထိခိုက်မှု ၁၄ ခုမှာ နယ်စပ် မြန်မာနိုင်ငံဘက်ခြမ်းတွင် မတော်တဆ ထိခိုက်မှုများဖြစ်သည်။[၇၃]

## အသက်မသေကျန်ရစ်သူများအတွက်အကူအညီ

ဆေးဝါးကုသမှုရရှိရေးမှာ မည်သည့်နေရာတွင် မိုင်းထိခိုက်မှုဖြစ်ပွါးသနည်းဆိုသည့်အပေါ်မှာ များစွာမူတည်သည်။ လူနာ အရေးပေါ်ဆေးဝါးကုသမှုရရှိအောင် ပို့ဆောင်ပေးရသောအချိန်မှာ အနည်းဆုံး ၁၂ နာရီကြာကြောင်းအပြည်ပြည်ဆိုင်ရာ အကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ တွေ့ဆုံမေးမြန်းချက်များအရ သိရှိရသည်။[၇၄] အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့၏ စစ်တမ်းများအရ အရေးပေါ်ဆေးကုသမှုခံယူပြီးသောလူနာများအနက်မှ ၇၇ ရာနှုန်းမှာ ထိုင်းနိုင်ငံဆေးရုံများသို့ ပို့ဆောင်ပေးခံရပြီး ကျန် ၂၃ ရာနှုန်းကို မြန်မာနိုင်ငံက

---

[၇၁] နယ်လှည့်ကျောပိုးအိတ်ဆေးမှူးများအဖွဲ့တွင် အဖွဲ့ငယ်ပေါင်း ၆၀ ပါဝင်ပြီး မြန်မာနိုင်ငံအတွင်းက တိုင်းရင်းသားများ ထိန်းချုပ်နယ်မြေများတွင်လှည့်လည်နေသည်။ အရေးပေါ် ဆေးဝါးကုသမှုပေးရန်အတွက် ကျောပိုးအိတ်များထဲတွင် ဆေးပစ္စည်းများ သယ်ဆောင်ကြသည်။

[၇၂] နယ်လှည့်ကျောပိုးအိတ်ဆေးမှူးများအဖွဲ့၊ “ရေ၊ အိမ်သာနှင့် ခလေးမွေးသေနှုန်း ဆန်းစစ်ချက် စစ်တမ်းအစီရင်ခံစာ”၊ ဇန်နဝါရီ–ဇွန်လ ၂၀၀၁ ခုနှစ်။

[၇၃] မဲဆောက်အခြေစိုက် အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့၏ မိုင်းအန္တရာယ် ပညာပေးရေးဌာနမှ စောဂူလု–ဆေတန် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ ပေးပို့သောစာ၊ ၂၀၀၂ ခုနှစ် မေလ ၁၅ ရက်။

[၇၄] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်သော “မြန်မာနိုင်ငံမြေမြှုပ်မိုင်းပြဿနာ ဆန်းစစ်ချက် အစီရင်ခံစာ”။

ဆေးရုံများထံ ပို့ဆောင်ပေးခံရသည်။[၇၅] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ စစ်တမ်းများအရ ၆၃ ရာနှုန်းကို ထိုင်းနိုင်ငံ၊ ၂၇ ရာနှုန်းကို မြန်မာနိုင်ငံနှင့် ၄ ရာနှုန်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် ဆေးရုံတင်ရကြောင်း တွေ့ရသည်။[၇၆]

မိုင်းထိလူနာများအတွက်ပေးအပ်နေသော အကူအညီများကို နေရာသုံးခုမှ ရရှိသည်။ ၎င်းတို့မှာ လူထုကျန်းမာရေးစောင့်ရှောက်မှု၊ အစိုးရနှင့်မပတ်သက်သောဌာနများမှအကူအညီနှင့် အိမ်နီးချင်းနိုင်ငံများမှ အကူအညီများဖြစ်သည်။ မိုင်းထိဝေဒနာရှင် အများအပြား အိမ်နီးချင်းနိုင်ငံများသို့ထွက်ပြေးကာ ဒုက္ခသည်အဖြစ်ခိုလှုံခြင်း သို့မဟုတ် သူပုန်များထိန်းချုပ်နယ်မြေများသို့ရောက်ရှိလာခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများမှ အကူအညီများ ရရှိခြင်းဖြစ်သည်။

## *မြန်မာနိုင်ငံအတွင်း မိုင်းထိဝေဒနာရှင်များ အကူအညီပေးရေးအစီအစဉ်*

ဥပက္ခာပြုမှုနှင့် ချို့တဲ့သောဆေးဝါးကုသမှုစနစ်တို့ကြောင့် မြန်မာနိုင်ငံအတွင်း မိုင်းထိဝေဒနာရှင်များအား ထောက်ပံ့ကူညီပေးရေးမှာ အနိမ့်ဆုံးအဆင့်တွင်ရှိသည်။[၇၇] မြဝတီမြို့ရှိ အစိုးရဆေးရုံတွင် ဆေးကုသမှုခံယူခဲ့သော မိုင်းဝေဒနာရှင်တဦးက သူ့အနေဖြင့် ကျပ် ၁၀၀ ၀၀၀ (၁၀၅ ဒေါ်လာခန့်) ကုန်ကျခဲ့ရကြောင်း ပြောသည်။ သို့သော် ငွေမပေးနိုင်သည့်အတွက် သူ့လယ်မှထွက်သော ဆန်စပါးများကို အစားထိုးပေးအပ်ခဲ့ရသည်ဟုဆိုသည်။[၇၈] စစ်သားများမိုင်းထိပါက စစ်ဆေးရုံတွင် ဆေးကုသမှုခံယူနိုင်သည်။ သို့သော် စစ်ဆေးရုံများတွင်ပင် လဒ်မထိုးနိုင်သူများ ဆေးကုသမှုရရန် အချိန်ယူစောင့်နေရကြောင်းလည်း သိရသည်။[၇၉]

မြန်မာနိုင်ငံအတွင်း၌ မိုင်းဝေဒနာရှင်များအနေဖြင့် ပြန်လည်နလန်ထူရေးနှင့် ခြေတုလက်တုအကူအညီများကို အမျိုးသားပြန်လည်နလံထူရေးဌာန(NRC)မှတဆင့် ရရှိသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့(ICRC)သည် NRC နှင့်တွဲဖက်၍ ပြန်လည်နလန်ထူ

---

[၇၅] အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့၊ "မိုင်းထိခိုက်မှုများဆန်းစစ်ချက်စာတမ်း"၊ တာ့ခရိုင်၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ် ဩဂုတ်လ၊ စာမျက်နှာ (c) ၁၂–၁၃။

[၇၆] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်သော "မြန်မာနိုင်ငံ မြေမြှုပ်မိုင်းပြဿနာ ဆန်းစစ်ချက်အစီရင်ခံစာ"။

[၇၇] ၂၀၀၁ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာ စာမျက်နှာ ၅၂၄–၅၂၆ တွင်ရှု။

[၇၈] မိုင်းဝေဒနာရှင်တဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ မယ်လဒုက္ခသည်စခန်း၊ ၂၀၀၂ ခုနှစ် မတ်လ ၁၉ ရက်။ ထိုသူသည် ၂၀၀၁ ခုနှစ် မတ်လ ၂၀ရက်နေ့မှ မေလကုန်အထိ ဆေးရုံတက်ခဲ့ရသည်။

[၇၉] ထိုင်းနိုင်ငံ၊ မဲဆောက်ရှိ မယ်တော်ဆေးခန်းမှ ဒါရိုက်တာ ဒေါက်တာစင်သီယာမောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်။

ရေးနှင့် ခြေတုလက်တုပစ္စည်းများထောက်ပံ့ရေး အစီအစဉ်တရပ်ကို နေရာငါးခုတွင် လုပ်ဆောင်လျှက်ရှိသည်။ ရန်ကုန်တွင် နှစ်နေရာ၊ မန္တလေး၊ မေမြို့နှင့် ရေနံသာမြို့များတွင် တနေရာစီဖြစ်သည်။[၈၀] မြန်မာကြက်ခြေနီအဖွဲ့က ခြေတုလက်တုများကို မှတ်ပုံတင်စာရင်းသွင်းပြီး ထိုနေရာများသို့ပို့ဆောင်ပေးရသည်။ ICRC အဖွဲ့က သယ်ယူပို့ဆောင်ရေးကုန်ကျရိတ်၊ လူနာများ ခြေတုလက်တုတပ်ဆင်နေစဉ် နေထိုင်စရိတ်နှင့်စားသောက်စရိတ်များကို တာဝန်ယူပေးသည်။ ICRC က မွမ်းမံသင်တန်းများ စီစဉ်ပေးပြီး၊ မန္တလေးဆေးရုံ အရိုးကုဌာနမှ ခွဲစိတ်ကုသရေးတာဝန်ရှိသူများကို ခြေတုလက်တုများနှင့်ဆိုင်သော ပို့ချမှုများပြုလုပ်ပေးခဲ့သည်။ ICRC နှင့် မြန်မာကြက်ခြေနီအဖွဲ့တို့ တွဲဖက်၍ ၂၀၀၂ ခုနှစ် နှောင်းပိုင်းတွင် ကရင်ပြည်နယ်မြို့တော် ဖားအံတွင် ခြေတုလက်တု ထုတ်လုပ်ရေးနှင့် ပြန်လည်ပြုစုပျိုးထောင်ရေးဌာနတခု တည်ထောင်ရန် အစီအစဉ်ရှိသည်။[၈၁] ခြေတုလက်တုများကို ဆေးရုံများမှတဆင့် အခမဲ့ဖြန့်ဝေပေးသည်။ သို့သော် လူနာတဦးမှာ အမျိုးသားပြန်လည်နလန်ထူရေးဌာနတွင် ရက် ၂၀ ကြာ ခြေတုလက်တုစောင့်ဆိုင်းနေစဉ်အတွင်း နေထိုင်စားသောက်စရိတ်နှင့် လူနာခရီးသွားနိုင်ရေး ကူညီပေးရသူအတွက် ကျပ် ၅၀ ၀၀၀ (၅၃ ဒေါ်လာခန့်) ပေးခဲ့ရကြောင်း သိရသည်။[၈၂]

ICRC သည် ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ်တွင် အစိုးရနှင့် လုပ်ကိုင်နေသည့် တခုတည်းသောအကူအညီပေးရေးအဖွဲ့ဖြစ်သည်။ ICRC မှထုတ်လုပ်သော ခြေတုလက်တုများမှာ တနိုင်ငံလုံးထုတ်လုပ်မှု၏ ၈၀ ရာနှုန်းခန့်ဖြစ်သည်။ ၂၀၀၁ ခုနှစ်အတွင်း ICRC က မိုင်းဝေဒနာရှင် ၁၅၃၉ ဦးကို ခြေတုလက်တုများ ထောက်ပံ့ကူညီပေးခဲ့သည်။ ထိုအရေအတွက်မှာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးတွဲထုတ်လုပ်သော ခြေတုလက်တုအားလုံး၏ ၇၂ ရာနှုန်းမျှဖြစ်သည်။ တကမ္ဘာလုံးတွင် ICRC က ခြေတုလက်တုအကူအညီပေးရေး အစီအစဉ်များချမှတ်လုပ်ဆောင်နေရာ၌ ခြေတုလက်တု ကူညီပေးရမှုအရာတွင် အာဖဂန်နစ္စတန်နှင့် အန်ဂိုလာနိုင်ငံများပြီးလျှင် မြန်မာနိုင်ငံမှာ တတိယအဆင့်တွင်ရှိသည်။[၈၃]

တသီးပုဂ္ဂလအဖွဲ့များကလည်း မြန်မာနိုင်ငံတွင် မသန်မစွမ်းသူများကို သက်မွေးဝမ်းကျောင်းပညာများ သင်ကြားပို့ချပေးလျက်ရှိသည်။ ဂျပန်နိုင်ငံမှ ကူညီရေးနှင့်ထောက်ပံ့ရေး

---

[၈၀] ICRC ရုပ်ပိုင်းဆိုင်ရာ ပြန်လည်နလန်ထူရေးအစီအစဉ်များ၊ *၂၀၀၁ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ*၊ ဂျီနီဗာမြို့၊ ၂၀၀၂ ခုနှစ် ဧပြီလ ၄ ရက်နေ့။

[၈၁] IRCR (ဂျီနီဗာ)၊ မိုင်းနှင့်ပတ်သက်သော ၂၀၀၁ ခုနှစ် အထူးအစီရင်ခံစာ၊ ၂၀၀၂ ခုနှစ် ဇူလိုင်လ၊ စာမျက်နှာ ၂၅။

[၈၂] မြေမြှုပ်မိုင်းဝေဒနာရှင်တဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၂၀၀၁ခုနှစ် နိုဝင်ဘာလ။

[၈၃] ICRC ရုပ်ပိုင်းဆိုင်ရာပြန်လည်နလန်ထူရေးအစီအစဉ်၊ *၂၀၀၁ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ*၊ ICRC၊ ဂျီနီဗာ၊ ၂၀၀၂ခုနှစ် ဧပြီလ ၄ရက်။

အသင်းက ဆံသနှင့်စက်ချုပ်သင်တန်းများ ၂၀၀၀ ခုနှစ် မတ်လကတည်းက ရန်ကုန်တွင် ပို့ချပေးလျက်ရှိသည်။ လူ ၁၅၀ ခန့် သင်တန်းတက်ရောက်ခဲ့ပြီး ထိုအထဲမှ ၂၀ ရာနှုန်းခန့်မှာ မြေမြှုပ်မိုင်းဝေဒနာရှင်များဖြစ်ကြသည်။[၈၄] မြန်မာ ခရစ်ယန်ဘုရားရှိခိုးကျောင်းများ အသင်း (MCC) ကဦးဆောင်ကျင်းပသော မသန်မစွမ်းသူများအတွက် သက်မွေးဝမ်းကျောင်းပညာသင် အလုပ်ရုံဆွေးနွေးပွဲတရပ်ကို ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၁၉–၂၉ ရက်များတွင် ကျင်းပခဲ့သည်။ တက်ရောက်ခဲ့သူ ၄၅ ဦးစလုံးမှာ ကယားပြည်နယ်မှဖြစ်ပြီး အနည်းဆုံး မြေမြှုပ်မိုင်း ဝေဒနာရှင် နှစ်ဦးပါဝင်သည်။

### *အိမ်ယာပျောက်နေသူများနေထိုင်ရာနေရာများမှ အကူအညီပေးရေး အစီအစဉ်*

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်ထားသော သို့မဟုတ် ဝင်ရောက်နိုင်သော နယ်စပ်ဒေသရှိနယ်မြေများတွင် တိုင်းရင်းသားအဖွဲ့များ၏ ဆေးဌာနနှင့် အကူအညီပေးရေးဌာနများက မိုင်းဝေဒနာရှင်များကိုအကူအညီအနည်းငယ်ပေးအပ်နေသည်။[၈၅] ရှမ်း၊ ကရင်နီ၊ ကရင်နှင့် မွန်ပြည်နယ်များအတွင်းရှိ အစိုးရမဟုတ်သောတပ်ဖွဲ့များထိန်းချုပ်ရာ နယ်မြေများတွင် နယ်လှည့်ကျောပိုးအိတ်ဆေးမှူးများအဖွဲ့က အရေးပေါ်ဆေးဝါးကုသမှုများ ပေးခဲ့ရသည်။[၈၆] ထရူးမာစောင့်ရှောက်ရေးအဖွဲ့ (Trauma Care Foundation) ပနာမ ဆေးဝါးကုသမှုပေးနိုင်ရန်အတွက် မြန်မာနိုင်ငံတွင်း၌တောပုန်းဆေးခန်းသုံးခု တည်ထောင်ထားသည်။[၈၇] ဆေးကုသပေးနေသောအဖွဲ့များက လှည့်လည်သွားလာနေကြသဖြင့် လိုအပ်ချိန်တွင် ဆေးဝါးကုသမှုမရကြပေ။ ပြည်တွင်းစစ်ဖြစ်နေမှု၊ ဆေးဝန်ထမ်းမလုံလောက်မှုများကြောင့် ဆေးဝါးကုသမှုရရှိရေးဆိုသည်မှာ ကံတရားသက်သက်မျှသာဖြစ်သည်။ မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင်ဆေးကုသမှုပေးနေသော

---

[၈၄] ဂျပန်နိုင်ငံ ကူညီရေးနှင့်ထောက်ပံ့ရေးအဖွဲ့မှ ယူကီ–အိုဆာ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ပေးပို့သော အီးမေး၊ ၂၀၀၂ ခုနှစ် ဇွန်လ ၁၉ ရက်။

[၈၅] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က မြေမြှုပ်မိုင်းဝေဒနာရှင် ၅၄ ဦးကို တွေ့ဆုံမေးမြန်းရာ ၂၆ ရာနှုန်းမှာ တိုင်းရင်းသားဆေးခန်းများ သို့မဟုတ် ရှေ့တန်းတွင်လှည့် လည်နေသော ဆေးအဖွဲ့များထံမှတဆင့် မြန်မာနိုင်ငံအတွင်းရှိဆေးရုံများကို သွားရောက်ခဲ့ရကြောင်း သိရသည်။

[၈၆] နိုင်ငံခြားသာသနာပြုအဖွဲ့တချို့လည်း ဆေးဝါးကုသမှုများ လုပ်ပေးကြသည်။

[၈၇] ထရူးမား စောင့်ရှောက်ရေးအဖွဲ့မှ ဝန်ထမ်းတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်၊ ထရူးမား စောင့်ရှောင့်ရေးအဖွဲ့ ၂၀၀၁ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ အဖွဲ့ကို နော်ဝေးအစိုးရက အကူအညီပေးသည်။

တသီးပုဂ္ဂအဖွဲ့များ နယ်စပ်ကျော်ဖြတ် ဆေးဝါးကုသမှုပေးရေးတွင် အဟန့်အတား ဖြစ်နေရသည်။[၈၈]

ကရင် အိမ်ယာပျောက်နေသူများအကူအညီပေးရေးအဖွဲ့(CIDKP)က KNU ထိန်းချုပ်နယ်မြေတွင် ခြေတုလက်တုထုတ်လုပ်ပေးသော အလုပ်ရုံတခု တည်ထောင်ထားသည်။ နယ်လှည့်ကျောပိုးအိတ်ဆေးမှူးများအဖွဲ့ကဲ့သို့သော ဆေးအဖွဲ့များက မိုင်းဝေဒနာရှင်များကို ထိုအလုပ်ရုံသို့လွှဲပြောင်းကြသည်။[၈၉] ထိုင်းနိုင်ငံအခြေစိုက် မာရီနောအဖွဲ့၏ကူညီမှုဖြင့် ကရင်တိုင်းရင်းသားနယ်မြေရှိ မယ်လ–ဖေါထစခန်းတွင် ပြန်လည်ပျိုးထောင်ရေး သက်မွေးပညာသင် လုပ်ငန်းတွင်အသုံးချရန်အတွက် အဆောက်အဦတခုဆောက်လုပ်ခဲ့သည်။ သို့သော် အသုံးမပြုလိုက်ရခင်မှာ တိုက်ခိုက်ခံရပြီး အဆောက်အဦးလည်း မီးလောင်ပျက်စီးသွားခဲ့သည်။[၉၀]

### *အိမ်နီးခြင်းနိုင်ငံများရှိ မြန်မာမိုင်းဝေဒနာရှင်များ ရရှိနိုင်သောအကူအညီများ*

လုံခြုံရေးနှင့် ပြည်တွင်း၌ရရှိနိုင်သော ဆေးဝါးကုသမှုအခြေအနေဆိုးဝါးမှုများကြောင့် မြန်မာမိုင်းဝေဒနာရှင်တချို့ အိမ်နီးချင်းနိုင်ငံများတွင် ဆေးဝါးကုသမှုခံယူရန် တွန်းပို့ခြင်းခံရသည်။ ထိုင်းမြန်မာနယ်စပ်အနီးရှိ မယ်တော်ဆေးခန်း၊ နယ်ခြားမဲ့ဆရာဝန်များဆေးခန်း၊ အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးအဖွဲ့ဆေးခန်း၊ အမေရိကန်ဒုက္ခသည်ကယ် ဆယ်ရေးအဖွဲ့ဆေးခန်း၊ အပြည်ပြည်ဆိုင်ရာဆေးဝါးကူညီပေးရေးအဖွဲ့ (Aide Medicale International) နှင့် ဂျာမန်ဆေးအဖွဲ့(Malteser Germany) တို့သည် ဒုက္ခသည်စခန်းများရှိ ၎င်းတို့၏ဆေးခန်းများနှင့် ထိုင်းနိုင်ငံဆေးရုံများသို့ပို့ ဆောင်ပေးလာသော လူနာများကို အကူအညီပေးနေကြသည်။[၉၁] ဆေးကုသမှုစရိတ်မှာ ရရှိသောဒဏ်ရာအကြီးအသေးပေါ်မူတည်၍ အပြောင်းအလဲရှိသည်။ ပျမ်းမျှ စရိတ်မှာ လူနာတဦး ၂၀ ၀၀၀ ဘတ် (၄၅၄ ဒေါ်လာ) ဖြစ်

---

[၈၈] ပြည်တွင်း၌ အိမ်ယာပျောက်နေသူများအား အကူအညီပေးရေးနှင့်ပတ်သက်သော အစည်းအဝေးတွင် နယ်ခြားမဲ့ဆရာဝန်များအဖွဲ့က ပြောကြားသောမှတ်ချက်၊ ၂၀၀၂ ခုနှစ် မတ်လ ၁၃ ရက်။

[၈၉] နယ်လှည့်ကျောပိုးအိတ်ဆေးမှူးများအဖွဲ့ တာဝန်ခံတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၂ ခုနှစ် မတ်လ ၁၈ ရက်နေ့။

[၉၀] ထိုင်းနိုင်ငံ၊ မဲဆောက်ရှိ မယ်တော်ဆေးခန်းမှ ဒါရိုက်တာ ဒေါက်တာစင်သီယာမောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၂ ခုနှစ် မတ်လ ၁၃ ရက်။

[၉၁] မဲဆောက်ရှိ MSF ရုံးခန်းမှပြောပြချက်အရ ၂၀၀၁ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံမဲဆောက်ဆေးရုံသို့ မိုင်းဝေဒနာရှင် ၃၀ ကို MSF ကလွှဲပြောင်းပေးခဲ့ရသည်။ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်။

သည်။[၆၂] သယ်ယူပို့ဆောင်ရေးစရိတ် မတတ်နိုင်သည့်အတွက် တချို့လူနာများ ထိုင်းနိုင်ငံတွင် ဆေးကုသမှုမခံယူနိုင်သည့်အဖြစ် မျိုးလည်းရှိသည်။ မိုင်းရှိနယ်မြေဖြစ်သော ဖါးအံမှ ထိုင်းနိုင်ငံမဲဆောက်အထိ ကီလိုမီတာ ၄၀ ခရီးအတွက် ခရီးတခြမ်း သယ်ယူပို့ဆောင် စရိတ်မှာ ကျပ် ၅ ၀၀၀ (၅ဒေါ် လာခန့်)ဖြစ်သည်။ ထိုငွေပမာဏမှာ လယ်သမားများအတွက် နှစ်လစာဝင်ငွေထက် ပင်များနေသည်။[၆၃] မည်သည့်နေရာတွင်မှ ဆေးကုသမှုခံယူရန် အခြေအနေမပေးသော လူနာများအဖို့ သဘာဝဆေးရွက်များကိုအသုံးချကာ ကုသကြရသည်။[၆၄]

ထိုင်းနိုင်ငံရောက် မြန်မာဒုက္ခသည်များအတွက် ထိုင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ခြေတုလက်တုများ ဆက်လက်ထောက်ပံ့ကူညီပေးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းသူများအဖွဲ့က ထိုင်းမြန်မာနယ်စပ်တလျှောက်မှ ဒုက္ခသည်စခန်းများတွင် ခြေတုလက်တုအလုပ်ရုံလေးခု တည်ထောင်ထားသည်။ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများကို ဒုက္ခသည်စခန်းနှစ်ခုတွင် တည်ထောင်ထားသည်။ ထိုနှစ်ခုမှာ မယ်လစခန်းမှ ကရင်မသန်မစွမ်းသူများအသင်းက ကြပ်မတ်နေသော ပညာသင်ကျောင်းတခုနှင့် နိုပိုးစခန်းရှိ မသန်မစွမ်းသူများ ကြပ်မတ်နေသော ပညာသင်ကျောင်းတို့ဖြစ်သည်။ ထိုနှစ်ခုစလုံးမှ ဖယောင်းတိုင်ထုတ်လုပ်ခြင်း၊ စက်ချုပ်ခြင်းနှင့် စက်ပြင်ခြင်းနည်းပညာများ ပို့ချပေးသည်။ ထိုအဖွဲ့များကို အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့က ငွေကြေး ထောက်ပံ့ကူညီပေးသည်။ မယ်တော်ဆေးခန်းမှလည်း မသန်မစွမ်းသူများအတွက် စက်ချုပ်သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။ သင်တန်းပို့ချနေသူများထဲမှာ သုံးဦးမှာ မြေမြှုပ်မိုင်းထိ၍ ခြေတုလက်တု တပ်ဆင်ထားရသူများဖြစ်သည်။

ထိုင်းနိုင်ငံရောက်မြန်မာ မြေမြှုပ်မိုင်းဝေဒနာရှင်များအနက်မှ ဒုက္ခသည်စခန်းများတွင် စာရင်းသွင်းထားခြင်းမရှိပါက အပြည်ပြည်ဆိုင်ရာ အဖွဲ့များမှပေးအပ်နေသော အကူအညီများ ရယူရန်မဖြစ်နိုင်ပေ။ ထိုင်းနိုင်ငံရောက်မြန်မာများကိုကူညီပေးနေသော ထိုင်းနိုင်ငံမှ မယ်တော်ဆေးခန်းသည် ၂၀၀၁ ခုနှစ် ဧပြီလမှစ၍ ခြေတုလက်တုဌာနတခုဖွင့်လှစ်ခဲ့သည်။ ၂၀၀၁ ခုနှစ်အတွင်း လူ၂၈ ဦးကို ခြေတုလက်တုများ အခမဲ့တပ်ဆင်ပေးခဲ့ပြီး ထိုအထဲမှ ၇၀ ရာနှုန်းမှာ မြေမြှုပ်မိုင်းဝေဒနာရှင်များဖြစ်သည်။ ထိုဆေးခန်းမှပင် တိုင်းရင်းသားဆေးအဖွဲ့များမှ ဝန်ထမ်းခြောက်ဦးကို ခြေတုလက်တုဆိုင်ရာသင်တန်း ပို့ချပေးခဲ့သည်။ ထိုခြေတု

---

[၆၂] မဲဆောက်ရှိ MSF ဆေးခန်းနှင့် အီးမေးဆက်သွယ်ချက်၊ ၂၀၀၂ ခုနှစ် မတ်လ ၂၂ရက်။

[၆၃] ထိုင်းနိုင်ငံ၊ မဲဆောက်ရှိ မယ်တော်ဆေးခန်းမှ ဒါရိုက်တာ ဒေါက်တာစင်သီယာမောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်။ Burma Fund "လူသားဖြစ်မှုကိုခြိမ်းခြောက်နေသော ပြဿနာများ–အကူအညီနှင့် မြန်မာနိုင်ငံမှအုပ်ချုပ်မှုစနစ်"၊ ၁၉၉၉ ခုနှစ် ဧပြီလ။

[၆၄] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့၊ မီချီရို–ကာတို ရေးသားသော မြန်မာနိုင်ငံမှ မြေမြှုပ်မိုင်းပြဿနာဆန်းစစ်ချက် အစီရင်ခံစာ၊ ၂၀၀၂။

လက်တုဌာနကို ၂၀၀၁ ခုနှစ်အတွက် Clear Path International အဖွဲ့က ငွေရေးကြေးရေး ထောက်ပံ့ကူညီပေးခဲ့သည်။[၆၅] ထိုင်း–မြန်မာနယ်စပ်နှင့်နီးစပ်သော စံခလဘူရီနယ်မြေတွင် အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်အဖွဲ့လှုပ်ရှားမှုအဖွဲ့၊ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့၊ ကွေးမြစ်ခရစ်ယန်ဆေးရုံနှင့် ဒေသခံအဖွဲ့တို့ပူးပေါင်းပြီး ၂၀၀၁ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ တရားမဝင်လာရောက်နေထိုင်သောမြန်မာနိုင်ငံသား ၂၈ ဦးကို ခြေတုလက်တုများ ထောက်ပံ့ပေးခဲ့သည်။ ထိုအတွက် ဘယ်ဂျီယံနိုင်ငံနှင့် ဂျပန်နိုင်ငံမှ ပုဂ္ဂိုလ်များက အလှူထည့် ဝင်ပေးသည်။

မယ်ဟောင်ဆောင်ရှိ အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးအဖွဲ့နှင့် ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးဌာနတို့ပူးပေါင်းပြီး ၂၀၀၁ ခုနှစ် မေလနှင့်ဇွန်လများအတွင်း ကရင်နီဒုက္ခသည်စခန်းသုံးခုရှိ လူထုနှင့်မိုင်းဝေဒနာရှင်များကို အဓိကထား၍ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဆန်းစစ်ချက်များ ပြုလုပ်ခဲ့သည်။ မိုင်းထိခံထားရသောသူများမှာ သာမန်လူများထက် မျိုးမည်မသိသော စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာပိုရှိကြောင်း လေ့လာချက်အရ သိရသည်။ ၅၉ ရာနှုန်းမှာ အထွေထွေစိတ်ဓါတ်ကျဆင်းမှုရောဂါရှိပြီး ၁၀ ရာနှုန်းမှာ စိတ်ဓါတ်ကျလွန်ရောဂါ(Post Traumatic Stress Disorder) ရှိကြောင်း တွေ့ရသည်။[၆၆] IRC က ဒုက္ခသည်စခန်းများတွင် စိတ်ပိုင်းဆိုင်ရာအားပေးမှုများ ပြုလုပ်နေသည်။ သို့သော် မိုင်းဝေဒနာရှင်မည်မျှ ထိုအားပေးမှုမှ အကျိုးအမြတ်ရရှိနေသနည်းဆိုသည်ကိုကား မသိရှိရပေ။[၆၇]

ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်ဒေသများတွင် ဆေးကုသမှုရရှိမှုပိုနည်းသည်။ ဘင်္ဂလားဒေ့ရှ်မှ မိုင်းထိလူနာတဦးသည် တသီးပုဂ္ဂလကယ်ဆယ်ရေးအဖွဲ့ဖြစ်သော ဘင်္ဂလားဒေ့ရှ်ပြန်လည်ပြုစုပျိုးထောင်ရေးအဖွဲ့(BRTC)ထံမှ မိုင်းထိလူနာများအား ခွဲစိတ်ကုသမှု ပေးနိုင်သော ဆေးရုံတရုံသို့ ပို့ဆောင်ပေးခြင်းမခံရမီ ဆေးခန်းငါးခုအထိပြောင်းခဲ့ရသည်။[၆၈]

[၆၅] ထိုင်းနိုင်ငံ၊ မဲဆောက်ရှိ မယ်တော်ဆေးခန်းမှ ဒါရိုက်တာ ဒေါက်တာစင်သီယာမောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၂ ခုနှစ် မတ်လ ၁၃ ရက်။

[၆၆] အပြည်ပြည်ဆိုင်ရာကယ်ဆယ်ဆယ်ရေးအဖွဲ့နှင့် ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးဌာန၊ “မယ်ဟောင်ဆောင်ရှိဒုက္ခသည်စခန်းသုံးခုတွင်စိတ်ကျန်းမာရေးဆန်းစစ်ချက်”၊ ထိုင်းနိုင်ငံ၊ ၂၀၀၁ ခုနှစ် ဩဂုတ်လ၊ ဆန်းစစ်ချက်လုပ်ရာတွင် စခန်းသုံးခုမှ မိုင်းဝေဒနာရှင် သုံးဦးပါဝင်သည်။

[၆၇] ထိုင်းနိုင်ငံ IRC၊ http://www.theirc.org/where/index.cfm?locationID=42 (၂၀၀၂ ခုနှစ် ဇွန်လ ၂၈ရက်)

[၆၈] ဘင်္ဂလားဒေ့ရှ်ရှိ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က မိုင်းထိဝေဒနာရှင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၀၂ ခုနှစ် ဇန်နဝါရီလ။

## မသန်မစွမ်းသူများဆိုင်ရာ ပေါ်လစီနှင့် လက်တွေ့အကောင်အထည်ဖော်မှု

မြန်မာနိုင်ငံတွင် မသန်မစွမ်းသူများဆိုင်ရာဥပဒေမရှိပေ။ မသန်မစွမ်းသူများနှင့်ပတ်သက်သောပေါ်လစီရှိကြောင်း မြေမြှုပ်မိုင်းလော့လာစောင့်ကြည့်ရေးအဖွဲ့ကို ပြောကြားသော်လည်း မသန်မစွမ်းသူများအတွက် တာဝန်ထမ်းနေ သောဌာနများမှ ပုဂ္ဂိုလ်များအပါအဝင် မည်သူတဦးကမျှ အသေးစိတ်အချက်အလက်များအကြောင်း မရှင်းပြနိုင်ပေ။ ထိုင်းနိုင်ငံအခြေစိုက်မသန်မစွမ်းသူများအဖွဲ့(DPI)က မြန်မာနိုင်ငံမှ မသန်မစွမ်းသူများအား အထောက်အကူဖြစ်စေမည့် အားထုတ်မှုတချို့လုပ်ခဲ့သည်။ ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလ ၂၀–၂၂ ရက်နေ့များတွင် ရန်ကုန်၌ မသန်မစွမ်းသူများနှီးနှောဖလှယ်ပွဲတခုကို DPI ကဦးဆောင်ကျင်းပခဲ့ပြီး ထိုနှီးနှောဖလှယ်ပွဲကို ဂျပန်နိုင်ငံအဖွဲ့တခုက အကူအညီပေးခဲ့သည်။ မသန်မစွမ်းသူများအတွက် တိကျရှင်းလင်းသောပေါ်လစီ ရှိမရှိနှင့် အကောင်အထည်ဖော်နေခြင်းရှိမရှိ မသိသည့်အတွက် ထိုနှီးနှောဖလှာ်ပွဲမှတဆင့် မသန်မစွမ်းသူများဆိုင်ရာဥပဒေ ပြဋ္ဌာန်းရေးကို တိုက်တွန်းထားသည့် ကြေညာချက်တရပ် ထုတ်ပြန်ခဲ့သည်။[၉၉]

အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းသူများအဖွဲ့က ကမကထပြု၍ ထိုင်းနိုင်ငံတွင် ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၆–၈ ရက်နေ့များတွင် ကျင်းပသော အရှေ့တောင်အာရှနိုင်ငံဒေသဆိုင်ရာ ဝေဒနာရှင်များအကူအညီပေးရေးညီလာခံသို့ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ လော့လာသူနှစ်ဦး တက်ရောက်ခဲ့သည်။




၁၉၉၉–၂၀၀၁ခုနှစ်များအတွင်း ပြုလုပ်ခဲ့သော တွေ့ဆုံးမေးမြန်းချက်များအရ သိရသော မိုင်းထိခိုက်မှုအရေအတွက် အခြေပြဇယား၊

---

[၉၉] မြန်မာဘာသာဖြင့်ရေးသားထားသော ထိုကြေညာချက်ကို မြန်မာအစိုးရခေါင်းဆောင်များထံပေးအပ်ခဲ့ပြီး မသန်မစွမ်းဥပဒေပေါ်ထွန်းလာရေးကို နှီးနှောဖလှယ်ပွဲတက်ရောက်သူများက ကြိုဆိုပါကြောင်း ဖော်ပြထားသည်။




၁၉၉၉–၂၀၀၁ခုနှစ်များအတွင်း ပြုလုပ်ခဲ့သော တွေ့ဆုံးမေးမြန်းချက်များအရ သိရသော မိုင်းထိခိုက်မှု နေရာများ အခြေပြမြေပုံ၊